မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၇ ရက်၊ စနေနေ့၊ အတွဲ (၅၁)၊ အမှတ် (၉၉)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း

နေပြည်တော် ဇန်နဝါရီ ၆

နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် ၂/၂၀၁၂ ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါအမိန့် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

(အမိန့်အမှတ်၊ ၂/၂၀၁၂)

၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်
(၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)

ပြည်ထောင်စုဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း

ပြည်ထောင်စုဝန်ကြီးရာထူးမှ ကျန်းမာရေးအခြေအနေအရ နုတ်ထွက်ခွင့်ပြုရန် တင်ပြလာသည့် သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်စွာခိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၅၊ ပုဒ်မခွဲ(ခ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၆၈၊ ပုဒ်မခွဲ(က)တို့အရ မိမိသဘောဆန္ဒအလျောက် ပြည်ထောင်စုဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တိုင်းဒေသကြီးဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း

နေပြည်တော် ဇန်နဝါရီ ၆

နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် ၃/၂၀၁၂ ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါအမိန့် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

(အမိန့်အမှတ်၊ ၃/၂၀၁၂)

၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်
(၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)

တိုင်းဒေသကြီးဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း

တိုင်းဒေသကြီးဝန်ကြီးချုပ်ရာထူးမှ ကျန်းမာရေးအခြေအနေအရ နုတ်ထွက်ခွင့်ပြုရန် တင်ပြလာသည့် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(က)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၅၂၊ ပုဒ်မခွဲ(က)တို့အရ မိမိသဘောဆန္ဒအလျောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် အိန္ဒိယတပ်မတော် ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၆

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် အိန္ဒိယတပ်မတော် ကြည်းတပ်ဦးစီးချုပ် General Vijay Kumar Singh, PVSM, AVSM, YSM, ADC ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

လက်ခံတွေ့ဆုံ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် အိန္ဒိယတပ်မတော် ကြည်းတပ်ဦးစီးချုပ် General Vijay Kumar Singh, PVSM, AVSM, YSM, ADC ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ချစ်ကြည်ရင်းနှီးပြီးဖြစ်သည့် အိမ်နီးချင်း မိတ်ဆွေနိုင်ငံများဖြစ်ကြောင်း၊ အဆွေတော်၏ ခရီးစဉ်သည် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး၊ နယ်စပ်တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်နိုင်ငံတပ်မတော် အားကစားအဖွဲ့များ အပြန်အလှန်စေလွှတ်နိုင်ရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် တောင်အာရှနိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများအား ပေါင်းကူးတံတားအဖြစ် ဆောင်ရွက်ပေးနိုင်သည့် နိုင်ငံဖြစ်ကြောင်း၊ ၎င်းအပြင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ညှိနှိုင်းဆောင်ရွက်ရေး ကိစ္စရပ်များကိုလည်း ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြင့် ပြောကြားသည်။

အိန္ဒိယတပ်မတော် ကြည်းတပ်ဦးစီးချုပ်က မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ယဉ်ကျေးမှုတူညီပြီး တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုသာမက နိုင်ငံအချင်းချင်းလည်း ချစ်ကြည်ရင်းနှီးစွာဆက်ဆံမှုများ ရှိကြောင်း၊ မြန်မာနိုင်ငံအား ဆန့်ကျင်နေသည့် မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းမဆို အားပေးထောက်ခံမှု မပြုကြောင်း၊ နှစ်နိုင်ငံနယ်စပ်ဒေသကိစ္စရပ်များ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ကြား ချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရေး၊ ညှိနှိုင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဇန်နဝါရီ ၇ ရက်)

နှလုံးရောဂါ သတိပြုပါ

လူတို့၏နေထိုင်စားသောက်မှုပုံစံများ ပြောင်းလဲလာသည်နှင့်အမျှ အဖြစ်အများဆုံးရောဂါများတွင် နှလုံးရောဂါပါဝင်လာသည်။ နှလုံးသွေးကြောကျဉ်းရောဂါ၊ ရုတ်တရက် နှလုံးဖောက်ပြန်မှုရောဂါ (Heart Attack) စသည့် နှလုံးရောဂါများသည် လူကိုအန္တရာယ်ပြုစေနိုင်သော ရောဂါများပင်ဖြစ်၏။

ကမ္ဘာမှာ ရုတ်တရက်နှလုံးဖောက်ပြန်မှုရောဂါ (Heart Attack) ကြောင့် သေဆုံးရသူဦးရေသည် နှစ်စဉ် ၁၅ သန်းကျော်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ထုတ်ပြန်ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။ ထိုကဲ့သို့ နှလုံးရောဂါဖြင့် သေဆုံးသူဦးရေသည် ရောဂါအမျိုးမျိုးကြောင့် သေဆုံးသူဦးရေ၏ ၃၀ ရာခိုင်နှုန်းမျှပင် ရှိသည်ဟု ဆိုထားသည်။

ရုတ်တရက်နှလုံးဖောက်ပြန်မှုရောဂါကြောင့် သေဆုံးရခြင်း၏အဓိကအကြောင်းအရင်းများမှာ ရောဂါကို ကြိုတင်မသိခြင်း၊ ရောဂါရှိကြောင်းသိသော်လည်း ပေါ့ပေါ့တန်တန်နေထိုင်စားသောက်နေခြင်း၊ ကျန်းမာရေး စစ်ဆေးမှုအားနည်းခြင်း၊ နှလုံးရောဂါနှင့်ပတ်သက်၍ ရှောင်ရန်၊ ဆောင်ရန်များကို လျစ်လျူရှုထားခြင်း စသည်တို့ကြောင့်ဖြစ်သည်။

နှလုံးရောဂါသည်ဖြစ်ပြီဆိုလျှင် ကုသရန်ခက်ခဲလှသည်။ လူတို့အနေဖြင့် နှလုံးရောဂါမဖြစ်မီ ကြိုတင်ကာကွယ်ရမည့်အချက်များကို သိထားသင့်သည်။ သွေးတိုးရောဂါရှိလာခြင်း၊ သွေးကြောများ အတွင်း ကိုလက်စထရောများလာခြင်း၊ ဆီးချို သွေးချိုရောဂါရှိလာခြင်းတို့သည် ရုတ်တရက်နှလုံးရောဂါ ဖြစ်ပွားရခြင်း၏ ကနဦးအစပင်ဖြစ်သည်။

ထို့အပြင် ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ ဆေးလိပ်နှင့်အရက်တို့ကိုအလွန်အကျွံ သောက်သုံးခြင်းတို့သည်လည်း နှလုံးရောဂါကိုဖြစ်စေခြင်း၏ အဓိကအကြောင်းအရင်းများပင်ဖြစ်သည်။ နှလုံးရောဂါသည် မျိုးရိုးဗီဇရှိသူများလည်း ဖြစ်တတ်သည်ဟုဆိုသည်။

လူတို့အနေဖြင့် နှလုံးရောဂါဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန်အတွက် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် များကို များများစားသုံးခြင်း၊ အငန်၊ အချို၊ အဆီအအိမ့်များလျှော့၍ စားသုံးခြင်းမှ ပုံမှန်လေ့ကျင့်ခန်းတစ်ခုခု ပြုလုပ်ခြင်း၊ အဝလွန်မှုကို ဂရုပြုကာကွယ်ထိန်းသိမ်းခြင်း၊ အရက်နှင့်ဆေးလိပ်သောက်သုံးခြင်းတို့မှ ရှောင်ကြဉ်ခြင်း စသည်တို့ကို လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။

လူအချို့ စားသုံးသောအဓိကဟင်းလျာများတွင် အငန်၊ အချိုနှင့် အဆီအအိမ့်များ ပိုကဲစွာ တွေ့ရ တတ်သည်။ လူအများသည် ငါးပိရည်၊ ငံပြာရည်နှင့် ဆီပြန်ဟင်းလျာများကို ပိုမိုနှစ်သက်စွာ စားသုံးတတ် ကြသည်။ အချို့ကား အဆီများခြင်းအန္တရာယ်ကို သတိမထားမိကြ။ ဆီပြန်ဟင်းများ ပူနွေးနေပါက စားချင့်စဖွယ်ဖြစ်ကာ ဆီကြောင့်ဖြစ်သော အန္တရာယ်ကို မေ့လျော့နေတတ်ကြသည်။ သို့သော် အဆိုပါ ဆီပြန်ဟင်းများကိုပင် ရေခဲသေတ္တာထဲ ထည့်ထားပါက အေးခဲနေသော ဆီပြင်ကြီးဖြစ်နေသည်ကို တွေ့ရပေ မည်။ ၎င်းဆီသည် လူကို အန္တရာယ်ဖြစ်စေ၏။ မြေပဲဆီဖြစ်ပါက အေးခဲခြင်းကား မရှိ။ လူကို အန္တရာယ် မပြုနိုင်ဟု ဆိုကြသည်။

ထို့ကြောင့် ဆေးဘက်ဆိုင်ရာ ပညာရှင်များက အသားမှရသော ဆီထက် ဟင်းသီးဟင်းရွက်နှင့် ငါးမှရသောဆီကို စားသုံးရန် ညွှန်းဆိုကြခြင်းဖြစ်သည်။ စင်စစ်နှလုံးရောဂါဖြစ်ရခြင်း၏ အဓိက အကြောင်း အရင်းမှာ အနေအထိုင်၊ အစားအသောက် မဆင်ခြင်ခြင်းကြောင့်ဖြစ်သည်။

သို့ဖြစ်ရာ လူတို့အနေဖြင့် နှလုံးရောဂါကြောင့် သေဆုံးခြင်းမှ ကင်းဝေးစေရန် အနေအထိုင်၊ အစား အသောက်တို့ကို သတိပြုစားသောက်နေထိုင်သင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

လွတ်လပ်ရေးနေ့အခမ်းအနား မိုးမောက်မြို့နယ်၌ ကျင်းပ

မိုးမောက် ဇန်နဝါရီ ၆

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်တွင် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က မိုးမောက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သည့် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်က ဖတ်ကြားသည်။

ထို့နောက် အားကစားပြိုင်ပွဲများနှင့် စာစီစာကုံးပြိုင်ပွဲကျင်းပရာ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့် ပေးခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ကုန်သည်/စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ယူနန်ပြည်နယ်ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန် ပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်း ကော်မတီ၏ ဒုတိယဥက္ကဋ္ဌMadamYan Youqiong ဦးဆောင်၍ အဖွဲ့ဝင် ၁၃ ဦး ပါဝင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည် များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယ ဥက္ကဋ္ဌဦးဇော်မင်းဝင်း၊ အထွေထွေအတွင်း ရေးမှူး ဒေါက်တာမျိုးသက်၊ တွဲဖက် အထွေထွေအတွင်းရေးမှူး ဦးမိုးကျော်နှင့် ဖိတ်ကြားထားသောဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များသည် ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၁ နာရီက အသင်းချုပ်ရုံး၌ တွေ့ဆုံဆွေးနွေးကြသည်။ (အောက်ပုံ)

ဆွေးနွေး

တွေ့ဆုံဆွေးနွေးပွဲတွင် နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း များ ပူးပေါင်းတိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ နယ်စပ်ကုန်သွယ်ရေးမှ ပုံမှန်ကုန်သွယ်ရေး အဆင့်သို့ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ နယ်စပ်ကုန်သွယ်မှုပြုရာတွင် နှစ်ဖက်အဖွဲ့ အစည်းများအချင်းချင်း အပြန်အလှန်အကူ အညီပေးရေး၊ အပြန်အလှန်သတင်းအချက် အလက်ဖလှယ်နိုင်ရေး၊ စီးပွားကုန်သွယ်ရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး အတွက် နှစ်ဖက်ကုန်သည်အသင်းများ အကြား ဖိုရမ်ဖွဲ့စည်း၍ အပြန်အလှန် တစ်နှစ်တစ်ကြိမ် အစည်းအဝေးကျင်းပ ရေး၊ အပြန်အလှန်ကုန်သွယ်မှုလုပ်ငန်းများ အတွက် ငွေပေးချေမှုနှင့် ငွေလွှဲလုပ်ငန်း များ အဆင်ပြေချောမွေ့စေရေးအတွက် နှစ်နိုင်ငံနယ်စပ်တွင် ဘဏ်စနစ်ဖြင့် ဆောင်ရွက်ပေးနိုင်ရေးကိစ္စတို့ကို ရင်းနှီး စွာ ဆွေးနွေး ခဲ့ကြကြောင်း သိရှိရသည်။ (ကုန်သည်/စက်မှုအသင်းချုပ်)

စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်း အဖွဲ့နှင့် ရွာမအနောက်ရပ်ကွက်အုပ်ချုပ် ရေးမှူးရုံးတို့ ပူးပေါင်းကျင်းပသည့် ၁၃၇၃ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ်စာပေ ဟောပြောပွဲကို ဒီဇင်ဘာ ၂၈ ရက်က ရွာမ အနောက်ရပ်ကွက် ပညာရာမိကဆရာတော် ကြီးကျောင်းဝင်း၌ကျင်းပရာ အခမ်းအနား တွင် အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်း အဖွဲ့ ဒုတိယဥက္ကဋ္ဌ ရပ်ကွက် ရပ်မိရပ်ဖ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ၊ တောင်တွင်းကြီး)က အမှာစကားပြောကြား သည်။

စာပေဟောပြောပွဲတွင် စာရေးဆရာ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ဒါရိုက်တာ ဘုန်းဝေ၊ ရွှေအောင်သင်းနှင့်ဗေလုဝတို့ က စာပေရေးရာတို့ကို ဟောပြောကြ ကြောင်း သိရှိရသည်။

(မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့)

ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရပစ္စည်းများထောက်ပံ့

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကျင်းပသော ကိုယ်ဝန်ဆောင်မိခင်များ အား အာဟာရပစ္စည်းများ ထောက်ပံ့ခြင်း နှင့် ယင်လုံအိမ်သာများ ထောက်ပံ့ပေးအပ် ခြင်း အခမ်းအနားကို ထန်းတပင်မြို့နယ် ဘောလည်ကျေးရွာ အခြေခံပညာမူလတန်း ကျောင်းဆောင်၌ ဇန်နဝါရီ ၂ ရက်က ကျင်းပသည်။

ထောက်ပံ့ပေးအပ်

အခမ်းအနားတွင် ရန်ကုန်မြောက်ပိုင်း ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးနှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း ဥက္ကဋ္ဌ ဒေါ်ပေါက်ပေါက်တို့က ကိုယ်ဝန်ဆောင် မိခင်များနှင့် သက်ကြီး ရွယ်အို အဘိုးအဘွား ၁၁ ဦးတို့အား အာဟာရပစ္စည်းများ ထောက်ပံ့ပေးအပ် ပြီးနောက် ကျေးလက်နေ ဒေသခံများ အား တစ်လုံးလျှင် ငွေကျပ် ၄၈၅၀၀ တန်ဖိုးရှိ ကျန်းမာရေးအထောက်အကူပြု ယင်လုံအိမ်သာသုံးလုံးကို တာဝန်ရှိသူများ ထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရ သည်။ (ဝ၄၈)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြု မြောင်းမြမြို့နယ်၌ ကတ္တရာထပ်ပိုးလွှာလမ်းသစ်ဖွင့်

မြောင်းမြ ဇန်နဝါရီ ၆

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်ပြီးစီးခဲ့သော အမှတ်(၂)ရပ်ကွက် (၆)လမ်း ကတ္တရာထပ်ပိုးလွှာခင်းလမ်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ရက် နံနက် ၈နာရီက အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်တိုးက လမ်းဖွင့်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် (၆)လမ်းကတ္တရာထပ်ပိုးလွှာ ခင်းလမ်းအား မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းထူးကျော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမောင်တိုး၊ ရပ်မိရပ်ဖ ဦးအင်းယားတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

အဆိုပါလမ်းမှာ အရှည်ပေ ၃၁၀၊ အကျယ် ၂၇ပေ၊ ထုသုံးလက်မရှိပြီးအဖွဲ့ ကုန်ကျငွေ ၅၄သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းသိရှိရသည်။ (ခရိုင် ပြန်/ဆက်)

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ အကောင်းဆုံး မူလတန်းကျောင်းဆုရရှိသော အမှတ်(၁၀)အခြေခံပညာမူလတန်းကျောင်းအတွက် ကျောင်းအုပ်ဆရာကြီး ဦးရဲနိုင်အား မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးသန်းရွှေ ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ စာပေ ဟောပြောပွဲကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက် ည ၇ နာရီက အမှတ်(၁၂) ရပ်ကွက် အားကစားကွင်း၌ ကျင်းပရာ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြွယ်ကြွယ် (မကြွယ်ကြွယ်) က ဟောပြောပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် ဦးသိန်းထွန်း(သိန်းထွန်း သစ်)က မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့(ဗဟို)က ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် စာရေးဆရာများဖြစ်ကြ သော ဦးရှုပ(စီးပွားရေးတက္ကသိုလ်)၊လှထွန်း (တွံတေး)နှင့် သန်လျင် မောင်ဝင်းဝါတို့က ဟောပြောကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မီးဖိုမီး
အခြားမီး
သုံးပြီးသတိ
အမြဲရှိ

အခြေခံပညာအထက်တန်းကျောင်းခွဲဖွင့်ပွဲ ရွှေကျင်မြို့နယ်၌ ကျင်းပ

ရွှေကျင် ဇန်နဝါရီ ၆

ပဲခူးခရိုင် ရွှေကျင်မြို့နယ် သံဆိပ် ကျေးရွာအုပ်စုရှိ အလကသံဆိပ်မင်းလမ်း ကို အထကခွဲအဖြစ် အဆင့်တိုးမြှင့်ခြင်း နှင့်အလှူရှင် ရွှေကျွန်းကြီးကုမ္ပဏီဦးကျော် မင်းနိုင်-ဒေါ်လှဲ့လှဲ့ဝင်းမိသားစုက လှူဒါန်း သော ကျောင်းဆောင်အပ်နှင်းပွဲ အခမ်း အနားကို ဒီဇင်ဘာ ၃၁ ရက်က ကျင်းပရာ ဒေသခံတပ်နယ်မှ ဗိုလ်မှူးကြီးကျော်နိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးခင်သိန်းမောင်၊ တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့် တို့က ကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျောင်းဆောင်အလှူရှင် ဦးကျော်မင်းနိုင်က ကျောင်းဆောင် ဆောက်လုပ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အလှူရှင်က ပညာရေးမှူးထံ ကျောင်းဆောက်လုပ်မှု မှတ်တမ်းများ ပေးအပ်သည်။

ပေးအပ်

ထို့နောက် အလှူရှင်ကိုးဦးက ကျောင်းအတွက်လှူဒါန်းသော အလှူ ငွေကျပ် ၆၂၂၀၀၀ ကို မြို့နယ်အုပ်ချုပ် ရေးမှူးကလက်ခံယူကာ ဂုဏ်ပြုမှတ်တမ်း လွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (ဝဝ၁)

❖ ရှေ့ဖုံးမှ

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူးတို့ တက်ရောက်ကြပြီး အိန္ဒိယတပ်မတော်ကြည်းတပ်ဦးစီးချုပ်နှင့်အတူ Major General SK Gadeock၊ ကိုယ်စားလှယ်အဖွဲ့ဝင် အရာရှိကြီးများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယစစ်သံမှူးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးခြားသည့် ညအပူချိန်များ

၆-၁-၂၀၁၂

နမ့်စန်မြို့	၇ ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	၇ ဒီဂရီစင်တီဂရိတ်
ဟားခါးမြို့	၇ ဒီဂရီစင်တီဂရိတ်

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲခြင်း

နေပြည်တော် ဇန်နဝါရီ ၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၂/၂၀၁၂)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၂/၂၀၁၂)
၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်
(၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁/၂၀၁၁)တွင် ဖော်ပြထားသည့် အောက်ပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

ကြည်း ၃၂၀၈၄ ဗိုလ်မှူးလင်းထွန်း	(အစား)	ကြည်း ၃၃၀၈၄ ဗိုလ်မှူးတင်ကျော်ဦး

အမိန့်အရ

(ဝင်းကို)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မြန်မာနိုင်ငံပြန်တမ်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည် -

	အမည်၊လက်ရှိရာထူး၊ဌာန	**ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန**
(က)	ဦးခင်မောင်လေး ညွှန်ကြားရေးမှူးချုပ် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန
(ခ)	ဦးအောင်မင်း ညွှန်ကြားရေးမှူးချုပ် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန
(ဂ)	ဦးကျော်ထူး ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အလုပ်သမားဝန်ကြီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်အား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးစိန်လွင်အား ယင်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ဗလငါးတန်ဖွံ့ဖြိုးဖို့ ——— ——— စာအုပ်စာပေလေ့လာစို့

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနား ကရင်ပြည်နယ် ဘားအံမြို့၌ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၆

၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် ကရင်ပြည်နယ် ဘားအံမြို့ ပြည်ထောင်စုသီရိကွင်း ကျောက်တိုင်ရှေ့ မြက်ခင်းပြင်၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ အလံတင်စစ်ခရာအဖွဲ့က နိုင်ငံတော်အလံကို လွှင့်တင်ကြသည်။

နံနက် ၇ နာရီတွင် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မင်းက ဖတ်ကြားသည်။

ဆက်လက်၍ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ကလေးပြပွဲ၊ ပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ဇနီး ဒေါ်ညွန့်ညွန့်ဝေနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနား ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၆

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော ပဲခူးတိုင်းဒေသကြီး ပညာရေး စုံညီပွဲတော်သို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲနှင့် ဝိဇ္ဇာဘာသာတွဲများတွင် ပထမဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်သည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ကျောင်းအတွင်း ပြသထားသော စက်မှုလက်မှု အိမ်တွင်းမှုပြခန်း၊ ကွန်ပျူတာသင်တန်းခန်းမ၊ ဝိဇ္ဇာသင်ထောက်ကူပြခန်း၊ ပဲခူးတိုင်းဒေသကြီး (က)ပညာရေး လှုပ်ရှားမှုဓာတ်ပုံပြခန်း၊ ပဲခူးတိုင်းဒေသကြီး (ခ)ပညာရေး လှုပ်ရှားမှု ဓာတ်ပုံပြခန်း၊ သိပ္ပံသင်ထောက်ကူပြခန်းနှင့် စာကြည့်တိုက်တို့ကို ကြည့်ရှုသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်သည် နံနက်ပိုင်းကလည်း ပဲခူးမြို့ ရွှေဝါထွန်းဟိုတယ် ကမ္ဘောဇသာဒီမင်္ဂလာခန်းမဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ခန်းမဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** အမှာစကားပြောကြားသည်။ ယင်းနောက် လူငယ့်အားမာန်ဟိုတယ်ကုမ္ပဏီမှ စီမံခန့်ခွဲမှုဒါရိုက်တာ ဦးတင်ထွန်းအောင်က ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ တိုင်းရင်းသားရိုးရာအစားအစာရောင်းချပွဲ ကျင်းပ

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် တိုင်းရင်းသား ရိုးရာအစားအစာများ ရောင်းချပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ ရက် နံနက်က မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းနှင့် တော်ဝင်လမ်းထောင့်ရှိ ပြပွဲပြိုင်ပွဲကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယကများဖြစ်ကြသည့် ဒေါ်ခင်သက်ဌေးနှင့် ဒေါ်ခင်အေးနွယ်တို့က တိုင်းရင်းသား ရိုးရာအစားအစာများရောင်းချပွဲ အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)**တိုင်းရင်းသားရိုးရာအစားအစာ အရောင်းဆိုင်များ၊ မိခင်နှင့် ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီများ၏ တိုင်းရင်းသားရိုးရာအစားအစာ အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။ **(၁၂၂)**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တမူးမြို့၌ ပညာပေးဟောပြော

တမူး ဇန်နဝါရီ ၆

တရားမဝင် သစ်ထုတ်လုပ်မှု လျှော့နည်းပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဟောပြောပွဲကို စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့နယ် ပန်းသာကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ ကျောင်းခန်းမ၌ ဇန်နဝါရီ ၁ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အခမ်းအနားတွင် တမူးခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းသိန်းက တရားမဝင် သစ်ထုတ်ယူမှုမရှိရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရမည့် လုပ်ငန်းစဉ်များကိုဖော်ပြပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမနားထန်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းစဉ်များကိုလည်းကောင်း၊ မြို့နယ်သစ်တော ဦးစီးအရာရှိ ဦးအေးကျော်သူက သစ်တောဥပဒေဆိုင်ရာ သိမှတ်စရာများကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ဒေသခံပြည်သူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ထင်းတစ်ချောင်းသုံး အဝေမ်းမီးဖိုများကို ပေးအပ်ကြောင်း သတင်းရရှိသည်။

(ခရိုင် ပြန်/ဆက်)

နိုင်ငံတကာသတင်းများ   နိုင်ငံတကာသတင်းများ

မက္ကဆီကိုနိုင်ငံ၌ ကမ္ဘာ့အမြင့်ဆုံးတံတား ဖွင့်ပွဲကျင်းပ

မက္ကဆီကိုစီးတီး ဇန်နဝါရီ ၆

မက္ကဆီကိုနိုင်ငံတွင် ကမ္ဘာ့အမြင့်ဆုံးတံတားဖွင့်ပွဲကို ဇန်နဝါရီ ၅ ရက်ကကျင်းပရာ မက္ကဆီကိုသမ္မတ ဖိလစ်ကဲလ်ဒါရွန်က ဖွင့်လှစ်ပေးခဲ့သည်။ မက္ကဆီကိုနိုင်ငံ မြောက်ပိုင်းရှိ စီရာမာဒီရီအနောက်တောင်တန်းတောင်ကုန်းများအရပ်၌ရှိသော လျှိုမြောင်ချောက်ကြီးတစ်ခုကို တံတားခင်းတည်ဆောက်ထားသည့် ကမ္ဘာ့အမြင့်ဆုံး ဘာလူအတ်တီတံတားကြီး၏ အမြင့်သည် ၁၃၂၂ ပေရှိသည်။ **(အပေါ်ပုံ)**

ပစိဖိတ်ကမ်းခြေမာဇာတီလန်အရပ်မှ အတွင်းပိုင်း ဒါရန်ဂိုမြို့သို့ ဆက်သွယ်အသစ်ဖောက်လုပ်ထားသည့် အဝေးပြေးလမ်းမကြီး၏အပိုင်းတစ်ပိုင်းအနေဖြင့် ဘာလူအတ်တီတံတားကြီးကိုတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါလမ်းကို မက္ကဆီကိုနိုင်ငံ၏ ကျောက်ဆောင်ကျောက်ကမ်းပါး အပေါ်များဆုံးသောနယ်မြေအချို့အား ဖြတ်သန်းဖောက်လုပ်ထားခြင်းဖြစ်သည်။

''ဒီတံတားကြီးဖွင့်လှစ်လိုက်ခြင်းအားဖြင့် မက္ကဆီကိုမြောက်ပိုင်းနေ ပြည်သူတွေရဲ့ ဆက်သွယ်သွားလာမှုနဲ့ချစ်ခင်ရင်းနှီးမှုကို ပိုမိုဆောင်ကြဉ်းနိုင်ပါလိမ့်မယ်'' ဟု သမ္မတကဲလ်ဒါရွန်က ပြောကြားသည်။ ဂင်းနက်စ်ကမ္ဘာ့စံချိန်မှတ်တမ်းမှ တာဝန်ရှိသူများကလည်း တံတားတည် ဆောက်မှုအင်ဂျင်နီယာပညာရပ်၏ စွမ်းဆောင်ရည်မြင့်မားခြင်းအတွက် အသိအမှတ်ပြုဆုကို သမ္မတ ကဲလ်ဒါရွန်၏ လက်သို့ လာရောက်အပ်နှင်းခဲ့သည်။ အရှည်အားဖြင့် ပေ ၃၆၈၇ ရှိသော ဘာလူအတ်တီတံတားကြီးဖွင့်ပွဲကို စပိန်လက်အောက်ခံဘဝမှ လွတ်လပ်ရေးရရှိခဲ့သည့် နှစ် ၂၀၀ ပြည့်အထိမ်းအမှတ်အခမ်းအနားများ၏ ကဏ္ဍတစ်ရပ်အနေဖြင့်လည်း ကျင်းပခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

နှစ်ပေါင်း သန်း ၁၃၀ ခန့်က ပင်လယ်သတ္တဝါရုပ်ကြွင်း ဂျာမနီတွင် သုတေသနပြုလေ့လာတွေ့ရှိ

ဘာလင် ဇန်နဝါရီ ၆

ကမ္ဘာဦးကာလ တွားသွားသတ္တဝါမျိုးအုပ်စုဝင်များ မျိုးသုဉ်းပျောက်ကွယ်ခဲ့ချိန်ကာလပိုင်းဖြစ်သည့် သမိုင်းမတင်မီခေတ်က ပင်လယ်သတ္တဝါကြီးတစ်ကောင်၏ကျောက်ဖြစ်ရုပ်ကြွင်းကို ဂျာမနီပညာရှင်များ ရှာဖွေဖော်ထုတ်နိုင်ခဲ့သည်။

အစ်သိုင်ရိုဆောပင်လယ်သတ္တဝါကြီးတစ်ကောင်၏ ရုပ်ကြွင်းကို ဂျာမနီမြောက်ပိုင်း ဘဝိန်းချာဝက်ချ်နယ်မြေအတွင်း တွေ့ရှိခဲ့ခြင်းဖြစ်ပြီး သမိုင်းမတိုင်မီ ခေတ်နှောင်းပိုင်းကာလက ရုပ်ကြွင်းဖြစ်ကြောင်း၊ သက်တမ်းအားဖြင့် နှစ်သန်းပေါင်း ၁၃၀ ခန့်ရှိသော ရုပ်ကြွင်းဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အစ်သိုင်ရိုဆောသတ္တဝါကြီးများ၏ယခင်ရုပ်ကြွင်းအများစုမှာ ဂျူရာဆစ်ခေတ်က ရုပ်ကြွင်းများသာဖြစ်ပြီး နှစ်သန်းနှင့်ချီ သက်တမ်းရှိသည့် ရုပ်ကြွင်းများဖြစ်သည်။

ရေးသားတင်ပြ

ယခုရုပ်ကြွင်းကို ၂၀၀၅ ခုနှစ်အတွင်း ပြန်လည်ဆန်းသစ်သုတေသနလုပ်ငန်းများဆောင်ရွက်ခဲ့ရာ အဆိုပါ အစ်သိုင်ရိုဆော သတ္တဝါမျိုးစိတ်သစ်မျိုးသည် သမိုင်းမတင်မီခေတ်က မျိုးစိတ်ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်ဟု သိပ္ပံဂျာနယ်တစ်စောင်တွင် ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။ **(အပေါ်ပုံ)**



မေးခွန်းများစွာ

ထိုသို့ဖော်ထုတ်နိုင်မှုဖြင့် မျိုးသုဉ်းပျောက်ကွယ်မှု သီအိုရီ (Jurassic Theory) နှင့်ပတ်သက်ပြီး မေးခွန်းအသစ်များစွာ ပေါ်ပေါက်လာရပြီဖြစ်ကြောင်း ဘဝိန်းချာဝက်ချ်သဘာဝသမိုင်းပြတိုက်မှ ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင် အော့ရစ်ချ် ဂျီဂါက ပြောကြားသည်။

ပြောကြားခဲ့

အစ်သိုင်ရိုဆောရေနေသတ္တဝါကြီးများသည် လည်တိုင်ကျောရိုးတစ်ဖြောင့်တည်း တောင့်တင်းခိုင်မာစွာရှိသည့် သတ္တဝါမျိုးဖြစ်သဖြင့် ရေတွင် ကူးခတ်သွားလာရာတွင်ပစ်ခွင်းလိုက်သော မြားလုံတံပြေးသွားပုံနှင့်တူကြောင်း ပညာရှင် အော့ရစ်ချ်ကပင် ဆက်လက်ပြောကြားခဲ့သည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း မိုးမြင့်လင်းလက် - စုစည်းသည်

တိုင်တန်းနစ်သင်္ဘောမှ ပစ္စည်းများ လေလံတင်ရောင်းချမည်

နယူးယောက် ဇန်နဝါရီ ၆

၁၉၁၂ ခုနှစ်က ပင်လယ်အောက်နစ်မြုပ်ခဲ့သော ကမ္ဘာကျော်တိုင်တန်းနစ်သင်္ဘောမှ ပစ္စည်းအမျိုးအစားပေါင်း ၅၅၀၀ ကျော်ကို အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ လာမည့်ဧပြီလတွင် လေလံတင်ရောင်းချမည်ဖြစ်ကြောင်း လေလံတင်ရောင်းချရေးအဖွဲ့က ဇန်နဝါရီ ၆ ရက်၌ သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

ပါဝင်

တိုင်တန်းနစ်သင်္ဘောမှ ပစ္စည်းများမှာ စိန်များစီခြယ်ထားသော လည်ဆွဲကဲ့သို့ လက်ဝတ်ရတနာပစ္စည်းများ၊ နာရီများနှင့် သံလိုက်အိမ်မြှောင်များ၊ တိုင်တန်းနစ်သင်္ဘောပျက်မှ ကိုယ်ထည်အစိတ်အပိုင်းများ၊ အခြားအနုပညာလက်ရာပစ္စည်းများ စသည်တို့ပါဝင်သည်။ တိုင်တန်းနစ်သင်္ဘောပျက်မှရရှိသော ပစ္စည်းများကို ၂၀၀၇ ခုနှစ်က ပထမဦးဆုံးအကြိမ် လေလံတင်ရောင်းချခဲ့ရာ အမေရိကန်ဒေါ်လာ ၁၈၉ သန်း ရရှိခဲ့သည်ဟု ဂွီရာဆေးလေလံတင်ရောင်းချရေးအဖွဲ့က ပြောကြားသည်။

ယခုပြုလုပ်မည့် လေလံတင်ရောင်းချပွဲကို နယူးယောက်မြို့တွင် လာမည့်ဧပြီ ၁၁ ရက်၌ ပြုလုပ်မည်ဖြစ်သည်။ တိုင်တန်းနစ်သင်္ဘောကြီး ၁၉၁၂ ခုနှစ်က နစ်မြုပ်မှုကြောင့် ခရီးသည် ၂၂၂၈ ဦးအနက် ၁၅၀၀ ကျော် သေဆုံးခဲ့ရသည်။ ၎င်းသင်္ဘောပျက်ကို ကနေဒါနိုင်ငံ နယူးဖော်လန်ကမ်းလွန် မိုင် ၄၀၀ ခန့် ရေအောက်ကြမ်းပြင်၌ ၁၉၈၅ ခုနှစ်က ရောဘက်ဘီလက် ရှာဖွေရေးအဖွဲ့က တွေ့ရှိခဲ့သည်။ **(အင်တာနက်)**

စင်ကာပူရှိ အကြီးဆုံး စူပါမားကတ်တွင် ငါးမန်းတောင်များရောင်းချမှု ပိတ်ပင်

စင်ကာပူ ဇန်နဝါရီ ၆

စင်ကာပူနိုင်ငံရှိ အကြီးဆုံး စူပါမားကတ်ဖြစ်သည့် ဖဲယားပရိုက်တွင် ငါးမန်းတောင် ရောင်းချမှုကို ပိတ်ပင်မည်ဖြစ်ကြောင်း၊ ထိုသို့ပိတ်ပင်မှုကို လာမည့်ဧပြီလတွင် စတင်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၆ ရက်၌ သတင်းထုတ်ပြန်သည်။

ဆုံးဖြတ်ခဲ့

ထိုသို့မရောင်းချခြင်းမှာ ငါးမန်းများဖမ်းဆီးရောင်းဝယ်မှုကို တိုက်ဖျက်သည့်အနေဖြင့် ငါးမန်းထုတ်ကုန်ပစ္စည်းအမျိုးအစားပေါင်း ၂၃၀ ကျော်ကို စူပါမားကတ်ကြီး၌ ရောင်းချခြင်းမပြုရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ယင်းစူပါမားကတ်ပိုင်ရှင် စီကန်ပန်က ပြောကြားသည်။

ငါးမန်းတောင်များ ရောင်းချမှု မပြုလုပ်ခြင်းကြောင့် စူပါမားကတ်၏ ရောင်းဝယ်မှုနှင့် အကျိုးအမြတ်ကို မည်သို့မျှ ထိခိုက်စေမည်မဟုတ်ကြောင်း၊ စူပါမားကတ်ဝန်ထမ်းများကိုလည်း အသိပေးထားပြီးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

ဘရာဇီး၌ မုန်တိုင်းတိုက်ခတ်မှုကြောင့် ရေကာတာတစ်ခု ပြိုကျပျက်စီး

ရီယိုဒီဂျနေရိုး ဇန်နဝါရီ ၆

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးပြည်နယ်တွင် မုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်မှုကြောင့် ရေကာတာတစ်ခုပြိုကျခဲ့ရာ အနီးဝန်းကျင်တွင် နေထိုင်သောဒေသခံ ၄၀၀၀တို့ နေအိမ်များပျက်စီးခဲ့ရကြောင်း ဇန်နဝါရီ ၆ရက်၌ သတင်းထုတ်ပြန်သည်။ **(ဝဲပုံ)**

တမ်ပို့စ်အမည်ရှိရေကာတာမှာ မူရီအီမြစ်ရေကို ထိန်းသိမ်းရန် တည်ဆောက်ထားခြင်းဖြစ်သော်လည်း မိုးသည်းထန်ပြီးရေလွှမ်းမှုနှင့် မုန်တိုင်းတိုက်ခတ်မှုကြောင့် ပြိုကျခဲ့ရခြင်းဖြစ်သည်။

မြင့်တက်လျက်ရှိ

ရေကာတာပြိုကျမှုကြောင့် အနီးဝန်းကျင်ဒေသ၌ ရေလွှမ်းမှုဖြစ်ပေါ်လျက်ရှိရာ ဒေသခံများအား ဘရာဇီးစစ်ဘက်မှ မော်တော်ယာဉ်များဖြင့်တင်ဆောင်ကာ ဘေးကင်းရာသို့ အမြန်ရွှေ့ပြောင်းပေးလျက်ရှိသည်။ ရေလွှမ်းမှုမှာ အမြင့်သုံးပေခွဲအထိ မြင့်တက်လျက်ရှိရာ ရီယိုဒီဂျနေရိုးပြည်နယ်ရှိ မြို့ခြောက်မြို့အား ရေလွှမ်းနိုင်မှုသတိပေးချက်ထုတ်ပြန်ထားသည်။

ပျက်စီးခဲ့ရ

ထို့အတူယင်းပြည်နယ်၏ မြူနီစပါယ်ဒေသ ၇၁ ခုရှိ ဒေသခံ ၉၀၀၀တို့၏ နေအိမ်များလည်း မုန်တိုင်းကြောင့် ပျက်စီးခဲ့ရကြောင်း၊ မီနက်စ်ဂီရစ်မြို့တွင်သေဆုံးသူ ရှစ်ဦးအထိ ရှိလာပြီဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ (၆-၁-၂၀၁၂)

>> တင်မောင်လွင် - စုစည်းသည် <<

ရှေးအကျဆုံး ဂရိဒင်္ဂါးများ လေလံတင်ရောင်းချ

ဂရိနိုင်ငံရှေးဟောင်းပစ္စည်း စုဆောင်းထိန်းသိမ်းရေးအဖွဲ့တစ်ဖွဲ့က ရှားပါးသော ရှေးအကျဆုံးဂရိဒင်္ဂါးများကို နယူးယောက်မြို့တွင် ဇန်နဝါရီ ၁၁ ရက်၌ ပြုလုပ်မည့် လေလံတင်ရောင်းချပွဲတွင် ရောင်းချမည်ဖြစ်ရာ အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာ ရရှိလိမ့်မည်ဟု မျှော်လင့်ထားကြောင်း ဇန်နဝါရီ ၆ ရက်က အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြသည်။

အဆိုပါဒင်္ဂါးများ၏ အခြေခံသမိုင်းများနှင့် အနုပညာဖန်တီးမှုများမှာ အရေးပါလှကြောင်း၊ ရှေးကျသော ဂရိပန်းချီအနုပညာဖန်တီးမှုတွင် ပြောင်းမြောက်မှုတစ်ခုအဖြစ်ပါဝင်ကြောင်း ပရိုဆက်ပီရို စုဆောင်းရေးအဖွဲ့ရှိ ကျွမ်းကျင်သူတစ်ဦးက ထုတ်ဖော်ပြောကြားသည်။ နှစ်ပေါင်း ၃၀ ကျော်ရပ်တည်ခဲ့သည့် အက်စ်ဆဲဘာယ်ပုဂ္ဂလိကစုဆောင်းရေးအဖွဲ့က အဆိုပါအဖိုးတန်ရတနာများကို နှစ်ပေါင်း ၂၀ ကျော်ကြာ မပျောက်ပျက် မပျက်စီးစေဘဲ ထိန်းသိမ်းထားခဲ့ခြင်းဖြစ်သည်။ ယင်းဒင်္ဂါးများကို လောလောဆယ်၌ အမေရိကန်နှင့် ယူနိုက်တက်ကင်းဒမ်းရှိ ပြပွဲများတွင် ကမ္ဘာတစ်ဝန်းရှိ ဈေးဝယ်သူများက စိတ်ဝင်စားလျက်ရှိကြောင်း အဆိုပါသတင်း၌ ဆက်လက်ဖော်ပြသည်။

နေတိုးကုန်တင်ယာဉ်များ အာဖဂန်နယ်စပ်မှ ကရာချိသို့ပြန်လာ

အာဖဂန်နစ္စတန်နိုင်ငံသို့သွားမည့် နေတိုးကုန်သေတ္တာတင်ယာဉ်များနှင့် လောင်စာဆီတင်ကားများကို ပါကစ္စတန်နိုင်ငံအနောက်တောင်ပိုင်း နယ်စပ်မှ နိုင်ငံတောင်ပိုင်း ကရာချိဆိပ်ကမ်းမြို့သို့ ပါကစ္စတန်အာဏာပိုင်များက ပြန်ပို့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

ချာမန်နယ်စပ်ဂိတ်ကိုဖြတ်ပြီး အာဖဂန်နစ္စတန်နိုင်ငံအတွင်းသို့ သွားခွင့်မပေးသဖြင့် အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ရေးပစ္စည်းများသယ်ဆောင်လာသည့် နေတိုးကုန်သေတ္တာတင်ယာဉ်များသည် ဇန်နဝါရီ ၄ရက်ကစ၍ ကရာချိဆိပ်ကမ်းမြို့သို့ ပြန်လာကြပြီဖြစ်သည်။ နိုဝင်ဘာ ၂၆ရက်ကဖြစ်ပွားသော ပါကစ္စတန်တပ်ဖွဲ့ဝင် ၂၄ ဦးသေဆုံးရသည့် ပါကစ္စတန်စစ်ဘက်စစ်ဆေးရေးဂိတ်နှစ်ခုကို အမေရိကန်ဦးဆောင်သည့် နေတိုးလေကြောင်းကတိုက်ခိုက်ခဲ့ပြီးနောက် အာဖဂန်နစ္စတန်သို့ပေးပို့သည့် ကုန်းတွင်းပိတ် နေတိုးထောက်ပံ့ရေးလမ်းကြောင်းများကို ပါကစ္စတန်နိုင်ငံက ပိတ်ထားလိုက်သည်။

ဟော်မုတ်ဇ်ရေလက်ကြားဖြတ်စစ်သင်္ဘောများ အီရန်ခွင့်ပြုချက်လို

နိုင်ငံခြားစစ်သင်္ဘောများအားလုံးသည် ဟော်မုတ်ဇ်ရေလက်ကြားဖြတ်သန်းရန်အတွက် အီရန်နိုင်ငံ၏ ခွင့်ပြုချက်ရယူမည်ဖြစ်ကြောင်း အီရန်လွှတ်တော်အမတ်တစ်ဦး၏ ပြောကြားချက်ကို အစိုးရအာဘော်တစ်ပိုင်းဖားစ်သတင်းဌာနက ဇန်နဝါရီ ၅ ရက်တွင် သတင်းထုတ်ပြန်သည်။ မည်သည့်နိုင်ငံစစ်သင်္ဘောကိုမျှ ဟော်မုတ်ဇ်ရေလက်ကြားဖြတ်သန်းရာတွင် အီရန်ရေတပ်၏ခွင့်ပြုချက်ရယူရမည်ဖြစ်ကြောင်း လွှတ်တော်အမတ်နာဒါကွာဇီပါးက ပြောကြားသည်။

မကာအိုနှစ်သစ်ကူး၌ ကမ္ဘာလှည့်ခရီးသည် စံချိန်တင်ရောက်ရှိ

မကာအိုသို့ နှစ်သစ်ကူးအချိန်အခါ၌ ကမ္ဘာလှည့်ခရီးသည် စုစုပေါင်း ၃၂၄၀၀၀ အထိ စံချိန်တင်လာရောက်ခဲ့ကြောင်း မကာအိုအထူးအုပ်ချုပ်ခွင့်ရဒေသရှိ လူဝင်မှု ကြီးကြပ်ရေးဌာနက ဇန်နဝါရီ ၄ ရက်၌ ထုတ်ပြန်သော စာရင်းဇယားတွင် ဖော်ပြသည်။ ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃ ရက်အထိ ကမ္ဘာလှည့်ခရီးသည် လာရောက်မှုအရေအတွက်သည် ပြီးခဲ့သည့်နှစ်ကထက် ၈ ဒသမ ၀၆ ရာခိုင်နှုန်း ပိုမို ရောက်ရှိခဲ့ကြောင်း ယင်းဇယားတွင် ထပ်မံဖော်ပြထားသည်။ ထိုအချိန်အတွင်း မကာအိုလူဝင်မှုကြီးကြပ်ရေးစခန်း စစ်ဆေးရေးဂိတ်ခုနစ်ခု၏ ဝင်ထွက်စာရင်းများအရ ခရီးသည် ၁ ဒသမ ၁ သန်းခန့် ရှိခဲ့သည်ဟု သိရသည်။

တရုတ်နိုင်ငံရှိ အလုပ်ရုံတစ်ရုံ၌ ပေါက်ကွဲမှုဖြစ်၊ သုံးဦးသေဆုံး

တရုတ်နိုင်ငံ ကျိကျန်းပြည်နယ်တွင် ဇန်နဝါရီ ၄ ရက် ညပိုင်းက အလုပ်ရုံတစ်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွားရာ သုံးဦးသေဆုံးပြီး အခြားလေးဦးဒဏ်ရာရရှိကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။ အဆိုပါမတော်တဆဖြစ်မှုသည် ယင်းနေ့ ဒေသစံတော်ချိန် ည ၉ နာရီ မိနစ် ၅၀ ခန့်က နန်ဟူးခရိုင် ဂျာကျင်းမြို့အတွင်းရှိ ဓာတုစက်ရုံတစ်ရုံ မီးလောင်မှုစတင်ဖြစ်ပေါ်ရာမှ ရေနွေးအိုးတန်ပြန်ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ယင်းမြို့ရှိ မီးသတ်သမားများက ပြောကြားသည်။ (အင်တာနက်)

သတင်းမှတ်စုနှင့်ဓာတ်ပုံ ➤ မောင်မောင်စိုး(အမရပူရ)

ဆုတောင်းကောင်းခဲ့လေသလား အသက် ၁၂၀ နေရသူ ဘွားသက်ရှည်

အမရပူရ ဇန်နဝါရီ ၆

လူအများသိကြသည့် ဘွားသက်ရှည် ဒေါ်မြကြည်။ ယခု အသက် ၁၂၀အတွင်း ရောက်ရှိခဲ့ပြီ။ အသက် ၁၂၀ ရှည်စေသော်ဝ်ဟု မြန်မာလူမျိုးတို့ ဆုတောင်းလေ့ရှိကြသည့်အတိုင်း ၁၂၅၄ ခုနှစ် သီတင်းကျွတ်လဆန်း ၁ ရက် နေ့တွင် အဖ ဦးကာ၊ အမိ ဒေါ်ဖွားအုံတို့မှ မွေးဖွားခဲ့သော အဘွားဒေါ်မြကြည်သည် ယခုအခါ ၁၁၉ နှစ်နှင့် သုံးလကျော်ခဲ့ပြီ။ ကမ္ဘာ့အသက်အကြီးဆုံး အဘွားအိုဖြစ်သော်လည်း ယခုတိုင်ဂင်းနက်စ်မှတ်တမ်းဝင်သည်ဟု မကြားသိရသေး။

အဘွားဒေါ်မြကြည်ကတော့ နေထိုင်ရာ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ဘိုကျေးရွာအုပ်စု ပေါက်ချိုင်ကုန်းကျေးရွာတွင် ကျန်းမာစွာရှိနေဆဲ။ စာရေးသူ လွန်ခဲ့သော သုံးရက်က အဘွားဒေါ်မြကြည် အလှူလုပ်သည်ဟုကြားသိရသဖြင့် သတင်းသွားယူစဉ် အဘွားအား ကျန်းမာစွာ၊ ပြုံးပျော်စွာ အလှူပေးနေသည့် မြင်ကွင်းကို တွေ့ခဲ့ရသည်။ **(အပေါ်ဝဲပုံ)** အသက်ရှည်ခြင်းမှာ အစားအသောက်အနေအထိုင်ကြောင့်ဟုလည်း ဆိုနိုင်သည်။ အဘွားဒေါ်မြကြည်သည် အသားငါး လုံးဝမစားဘဲ ဟင်းသီး ဟင်းရွက်များသာ စားသုံးသည်ကို သိရှိရပါကြောင်း။

နိုင်ငံတကာအနုပညာ

မောင်ချစ်ကြည် ➤ ရေးသားသည်

ဘောလိဝုဒ်ရုပ်ရှင်မင်းသမီး ဆိုရာ၏ ဘဝပုံရိပ်

နယူးဒေလီ ဇန်နဝါရီ ၆

အိန္ဒိယဘောလိဝုဒ်ရဲ့ အောင်မြင်မှု အရှိဆုံး လူငယ်ရုပ်ရှင်မင်းသမီး ဂျိမ်းလီယာဆိုရာဟာ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ အတွင်းမှာ Hook Ya Crook အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို ပါဝင်သရုပ်ဆောင်တော့မှာဖြစ်ပါတယ်။

အသက် ၂၄ နှစ်သာရှိသေးတဲ့ ရုပ်ရှင်မင်းသမီးဆိုရာ **(ယာပုံ)**ဟာ My Life အမည်ရှိတဲ့ ဇာတ်ကားနဲ့ Tere Neal Love Ho Gaya ဇာတ်ကားတွေကိုလည်း ဆက်တိုက်ပါဝင် သရုပ်ဆောင်ဖို့ ရှိနေပါတယ်။

၂၀၀၃ ခုနှစ်ကတည်းက ငယ်ငယ်ရွယ်ရွယ်နဲ့ ရုပ်ရှင်လောကကို ရောက်ရှိခဲ့တဲ့ဆိုရာဟာ Tujhe Meri Kasam ဇာတ်ကားမှာ ရုပ်ရှင်မင်းသားကြီးအမိတာဘချန်းနဲ့အတူ သရုပ်ဆောင်ခဲ့သူဖြစ်ပါတယ်။ နောက်ပိုင်းမှာ ပရိသတ်တွေ အားပေးမှု တစ်ခဲနက်ရရှိခဲ့တာမို့ ဇာတ်ကားတွေ ဆက်တိုက်ရိုက်ကူးခဲ့ပြီး ၂၀၀၆ ခုနှစ်မှာ Bommarillu ဇာတ်ကားနဲ့ အကောင်းဆုံးအမျိုးသမီး သရုပ်ဆောင်ဆုရရှိခဲ့သူဖြစ်ပါတယ်။

ဆိုရာ အောင်မြင်မှုရရှိတဲ့ ဇာတ်ကားတွေကတော့ Santosh Subram- aniam၊ Boys၊ Dream House၊ Jaane Tu... Ya Jaane Na စတဲ့ဇာတ်ကားတွေဖြစ်ပြီး အဲဒီဇာတ်ကားတွေကို ပရိသတ်တွေရုံပြည့်ရုံလျှံအားပေးခဲ့ကြပါတယ်။ ၂၀၁၁ ခုနှစ်အတွင်းမှာ ပရိသတ်အားပေးမှု အများဆုံး ရုပ်ရှင်ကတော့ Urumi ဇာတ်ကားပဲဖြစ်ပါတယ်။ အိန္ဒိယရုပ်ရှင်သမိုင်းရဲ့လူကြိုက်အများဆုံး ဇာတ်ကားတွေထဲမှာ တစ်ကားပါဝင်ခဲ့ပါတယ်။

ဆိုရာဟာ လူမှုရေးရန်ပုံငွေရှာဖွေရေးပွဲတွေမှာလည်း တက်တက်ကြွကြွ ပါဝင်ခဲ့သူတစ်ဦးဖြစ်ပါတယ်။

အသက် ၂၄ နှစ်အရွယ်သာရှိသေးတဲ့ အိန္ဒိယဘောလိဝုဒ်ရုပ်ရှင်မင်းသမီး ဆိုရာဟာ ယောကျ်ားလေးမိတ်ဆွေမထားရှိဘဲ တစ်ယောက်တည်း အနုပညာအလုပ်တွေကို တက်တက်ကြွကြွလုပ်ကိုင်နေသူ တစ်ဦးလည်း ဖြစ်ပါကြောင်း။ **(အင်တာနက်)**

မောင်မောင်မြင့်ဆွေ – စုစည်းသည်

စပိန်ကိုပါဖလား ဘောလုံးပြိုင်ပွဲ ဗလင်စီယာတို့ နိုင်ပွဲရရှိ

မက်ဒရစ် ဇန်နဝါရီ ၆

စပိန်ကိုပါဖလား ဘောလုံးပြိုင်ပွဲ နောက်ဆုံး ၁၆ သင်းအဆင့် ပထမအကျော့ ပြိုင်ပွဲများကို ဇန်နဝါရီ ၆ ရက် နံနက်က ယှဉ်ပြိုင်ကစားရာ ဗလင်စီယာနှင့် ဆီဗီလာအသင်းတို့ပွဲတွင် ဗလင်စီယာက တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပွဲရရှိခဲ့သည်။ **(အပေါ်ပုံ)**

အိမ်ကွင်း၌ကစားရသော်လည်း ဗလင်စီယာတို့ ဆီဗီလာအသင်းကို ခက်ခက်ခဲခဲကစားခဲ့ရသည်။ နှစ်သင်းစလုံးတိုက်စစ်ဖွင့် ကစားခဲ့ကြရာ ပထမပိုင်းပွဲချိန် ၃၃ မိနစ်၌ ဗလင်စီယာမှ ဂျိုနက်စ်က ဂိုးသွင်းယူခဲ့သဖြင့် ဗီလင်စီယာတို့ အဖွင့်ဂိုးရရှိခဲ့သည်။ ဆီဗီလာတို့ ချေပဂိုးရရှိရေးကြိုးစားသော်လည်း ပထမပိုင်းပွဲချိန်ပြည့်သည်အထိ ဂိုးမသွင်းနိုင်ခဲ့ချေ။ ဒုတိယပိုင်းပွဲချိန်၌လည်း ဗလင်စီယာမှ ဆိုလ်ဒါဒို၊ အယ်လ်ဘီဒါနှင့် ဖက်ရှုလီတို့ ဆီဗီလာ၏တိုက်စစ်ကိုဟန့်တားရင်း ဂိုးရရှိရေးကြိုးစားခဲ့ရာ အဝါကတ်များသာ အပြခံခဲ့ရသည်။

ထို့အတူ ဆီဗီလာမှ နာဗက်စ်၊ မီဒယ်လ်၊ ကာစီးရက်စ်နှင့် အယ်လ်ဘာတိုတို့ ချေပဂိုးရရှိရေး ကြိုးစားခဲ့သော်လည်း ပွဲချိန်ပြည့်သည်အထိ ဂိုးမသွင်းနိုင်ခဲ့သဖြင့် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ တစ်ဖန် ကော်ဒိုဘာနှင့် အက်စ်ပန်ညိုအသင်းတို့ပွဲတွင် ကော်ဒိုဘာက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

ကာတာအိုးပင်းတင်းနစ်ပြိုင်ပွဲ ဖက်ဒဲရားနှင့် နာဒယ်တို့ အကြိုဗိုလ်လုပွဲတက်

ဒိုဟာ ဇန်နဝါရီ ၆

ကမ္ဘာကျော်တင်းနစ်ကစားသမားများဖြစ်ကြသည့် ရော်ဂျာဖက်ဒဲရားနှင့် ရာဖေးလ်နာဒယ်တို့သည် ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပလျက်ရှိသည့် ကာတာအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ပြိုင်ဘက်အသီးသီးကို အနိုင်ရရှိကြပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

လက်ရှိချန်ပီယံ ရော်ဂျာဖက်ဒဲရားသည် အီတလီတင်းနစ်ကစားသမား အန်းဒရပ်ဆပ်ပီကို ၆-၃၊ ၅-၇၊ ၆-၄ ဖြင့် အနိုင်ရခဲ့ပြီး အကြိုဗိုလ်လုပွဲသို့ တက်လာခြင်းဖြစ်သည်။ ကမ္ဘာ့နံပါတ်နှစ် တင်းနစ်ကစားသမား ရာဖေးလ်နာဒယ် **(ယာပုံ)** သည် ကွာတားဖိုင်နယ်တွင် မီခေးလ် ယုဇ်နီနှင့် ယှဉ်ပြိုင်ကစားရာ ၆-၄၊ ၆-၄ ဖြင့်နိုင်ပြီးအကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဝေလလက်ဝှေ့သမား ကလီဗာလီ တတိယအကြိမ် ချန်ပီယံဆုကာကွယ်မည်

လန်ဒန် ဇန်နဝါရီ ၆

ဝေလလက်ဝှေ့သမား နာသန်ကလီဗာလီနှင့် အမေရိကန် လက်ဝှေ့သမား တိုနီကာပန်စီတို့သည် လာမည့် ဖေဖော်ဝါရီ ၂၅ ရက်တွင် ဝေလနယ် ကာဒစ်မြို့၌ ဒဗလျူဘီအိုလိုက်ဟဲဗီးဝိတ် ချန်ပီယံခါးပတ်လုပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

လက်ရှိချန်ပီယံ ကလီဗာလီက အသက်၂၅ နှစ်ရှိ အမေရိကန် လက်ဝှေ့သမား တိုနီကာပန်စီနှင့် ထိုးသတ်ရာတွင် သူ၏ဒဗလျူဘီအိုချန်ပီယံ ခါးပတ်ကို တတိယအကြိမ် ကာကွယ်ထိုးသတ်မည်ဖြစ်ကြောင်း အခိုင်အမာပြောကြားလိုက်သည်။ ကလီဗာလီသည် အလက်စကီး ဘူဇင်စကီးကို အနိုင်ရပြီး ဒဗလျူဘီအိုချန်ပီယံဖြစ်လာခြင်းဖြစ်သည်။

ထို့နောက် တိုနီဘယ်လူးကို အနိုင်ရပြီး ချန်ပီယံဆု ကာကွယ်နိုင်ခဲ့သည်။ သို့သော် ၂၀၀၇ ခုနှစ် နိုဝင်ဘာလက ဂျူးဗီးဂတ်စ်ကိုရှုံးပြီး ပထမဆုံးအကြိမ် လက်ဝှေ့ကြိုးဝိုင်းထဲ ပြန်ဝင်လာခြင်းဖြစ်သည်။ **(အင်တာနက်)**

မြန်မာ့အလင်း စာအုပ်စင် ၆-၁-၂၀၁၂

မြင်းမိုရ်ဦးသို့ ဖူးမြင်ခြင်းကဗျာများစာအုပ် ဒုတိယအကြိမ်ထုတ်ဝေ

ဤလောက၌ အမေ့မေတ္တာ အမေ့ကျေးဇူးသည် နှိုင်းဆိုဖွယ်ရာမရှိအောင် ကြီးမားလှ၏။ သီတာခုနစ်တန် တောင်စဉ်ခုနစ်ထပ် ကျော်ဖြတ်ကူးသန်း ခရီးကြမ်း နှင်လာခဲ့စေကာမူ အမေ့အပြုံးကြောင့် နှလုံးအေးချမ်းရ၏။ အမေကမ်းသည့် ရေချမ်းတစ်ခွက်ကြောင့် အမောပြေရ၏။ အမေ့အကြင်နာကြောင့် ဘဝင်မှာ ငြိမ်းချမ်းရ၏။ ဤကဲ့သို့ နှိုင်းဆိုတင်စားချီးကျူးစကားဆို၍မကုန်နိုင်သော အမေ့ဂုဏ်ရည်ကို ဖွဲ့ဆို သီကျူးသည့် မြင်းမိုရ်ဦးသို့ ဖူးမြင်ခြင်းကဗျာများစာအုပ်ကို ကဗျာဆရာ မြင်းမူမောင်နိုင်မိုး၊ ဇော်မင်းမင်းဦး၊ စလင်းဘုန်းကျော်၊ မောင်စိမ်းနောင်(လယ်ဝေး)၊ မျိုးမြတ်မြတ်မြင့်မောင်တို့က ဖွဲ့ဆိုသီကုံးထားပြီး နိုင်ငံ့ဂုဏ်ရည် စာပေတိုက်က ထုတ်ဝေဖြန့်ချိလိုက်သည်။

ဤစာအုပ်ပါ ကဗျာများသည် အမေ့ဘဝ၊ အမေ့အလှနှင့် အမေ့ပုံရိပ်များကို ရိုးရိုးကလေးတွေး၍ ရိုးရိုးကလေးပင် ခြယ်မှုန်းဖွဲ့ဆိုထားသော ကဗျာများဖြစ်သည်။ ဖတ်ရှုသူတိုင်း အမေ့မေတ္တာ အမေ့ကျေးဇူးကို အထူးသိမြင်ဆင်ခြင်ခံစားနိုင်ခြင်း၊ အမေကို ပိုမိုချစ်မြတ်နိုးလာစေခြင်းတို့က ဤစာအုပ်၏ ထူးခြားချက်ပင်ဖြစ်သည်။

ပထမအကြိမ် ထုတ်ဝေစဉ်က မရရှိလိုက်ကြသူများအတွက် ဒုတိယအကြိမ်အဖြစ် နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) အမှတ်၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ရန်ကုန် ဖုန်း-၀၁-၃၇၄၅၃၂၊ ၀၉-၇၃၂၀၁၉၂၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) သစ္စာလမ်းမကြီး ရန်ကင်းကြေးအိုးနှင့် အလက (၁) ရန်ကင်းကြား ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၂၁၁၉၁၁ နှင့် တစ်ပြည်လုံးရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်အုပ်လျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

ကြည်ဦး၏ လူဝင်စားများနှင့် တွေ့ဆုံခြင်းစာအုပ် ထုတ်ဝေဖြန့်ချိ

စာရေးဆရာမကြီး ကြည်ဦး၏ လူဝင်စားများနှင့် တွေ့ဆုံခြင်းစာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် မျက်နှာဖြူ လူဝင်စားနှင့် တွေ့ဆုံခြင်း၊ လူဝင်စား မည္ဘနို့စိန်၊ ရုပ်စုံကျောင်းတော်ကြီး၊ အောင်နိုင်နတ်၊ လူဝင်စားက ဖော်ထုတ်ပေးသည့် လူသတ်မှု စသည့် စိတ်ဝင်စားဖွယ်ဖြစ်စဉ်များကို ဖော်ပြထားပြီး စာရေးသူက "လူဝင်စားတို့၏ ဘဝကို ကျွန်မစိတ်ဝင်စားခဲ့သည်။ လူဝင်စားတို့၏ ဘဝအမျိုးမျိုးကိုလည်း တွေ့ကြုံ၊ ဆွေးနွေး၊ လေ့လာခဲ့ဖူးသည်။ လူဝင်စားအချို့သည် စကားပြောတတ်စပြုသည့် လေးနှစ်အရွယ်မှ သူတို့ ကွယ်လွန်ကြသည်အထိ ဘဝဟောင်းမှ ဖြစ်ရပ်အားလုံးကို မှတ်မိနေတတ်ကြသည်"ဟု ဖော်ပြထားသည်။

အဆိုပါစာအုပ်ကို မဇ္ဈိမစာပေ အမှတ် ၂၃၇ (ပထမထပ်-ဝဲ) ၃၉လမ်း (အပေါ်လမ်း) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၉၂၈၃၅၊ ၀၉-၇၃၀၅၉၉၃၅ တို့က ဖြန့်ချိထားကြောင်း သိရှိရသည်။

ခေါင်းဆောင်တိုင်း စူးစိုက်ဆင်ခြင်ရမည့်အချက်များ ဘာသာပြန်စာအုပ်ထုတ်ဝေ

စာရေးဆရာဒေါက်တာသာထွန်းဦး ဘာသာပြန် ရေးသားပြုစုသော **ခေါင်းဆောင်တိုင်း စူးစိုက်ဆင်ခြင်ရမည့် အချက်များ** စာအုပ်ထွက်ရှိလာသည်။

ဘာသာရေးဆိုင်ရာကျမ်းပုဒ်များကို အခြေခံ၍ စာရေးဆရာ John C Maxwell ၏ အတွေ့အကြုံများနှင့် ပေါင်းစပ်ညွှန်ပြထားသော ဤစာအုပ်ကို အတွေးအခေါ်မှန်ကန်သော ခေါင်းဆောင်များ ပေါ်ထွက်လာစေရန်ရည်ရွယ်ပြီး ယခုကဲ့သို့ထုတ်ဝေခြင်းဖြစ်ကြောင်း သိရသည်။ စာအုပ်တန်ဖိုး ငွေကျပ် ၂၀၀၀ ဖြင့် တစ်နိုင်ငံလုံးသို့ ဖြန့်ချိထားပြီး ဖုန်း-၀၁-၅၀၇၃၈၅ တူဒေးစာအုပ်တိုက်သို့ ဆက်သွယ်မှာယူနိုင်သည်။

✱ ကျောဖုံးမှ

လက်ရှိအခြေအနေမှာတော့ မန်ယူအသင်းမှာ ကွင်းလယ်ကစားသမား အားနည်းနေတဲ့အပြင် ခံစစ်မှူးဖာဒီနန်လည်း ဒဏ်ရာရထားလို့ ပါနိုင်ဖို့ မသေချာပါဘူး။ ရှွန်နေ၊ ဟာနန်ဒက်ဇ်တိုက်စစ်အတွဲကို ဝဲလ်ဘက်တို့ ဝန်းရံပေးမယ့်အနေအထားမျိုးနဲ့ မန်စီးတီးကို ဂိုးသွင်းနိုင်ဖို့ ဖာဂူဆန် စဉ်းစားမှာဖြစ်ပါတယ်။

မန်စီးတီးမှာလည်း အာဖရိကဖလားပွဲရှိနေလို့ယာယာတိုရေးတို့ညီအစ်ကို မပါနိုင်တော့တာဟာ နည်းပြမန်စီနီအတွက် ထိုးနှက်မှုတစ်ခုသဖွယ်ဖြစ်နေပါတယ်။ ဒါပေမယ့် အဝိကပွဲထွက်ကစားသမား ၁၇ ဦးအထိ ကြံ့ခိုင်မှုအပြည့်နဲ့ရှိနေတာမို့ ပူပင်မှုမရှိဘူးလို့ နည်းပြမန်စီနီက ဆိုနေပါတယ်။ အိုးထရက်ဖို့ဒ်ကွင်းမှာ ခြောက်ဂိုးအထိ သွင်းယူပြီး အောင်ပွဲခံထားတဲ့ မန်စီးတီးကို အခုအက်ဖ်အေပွဲမှာ ရှုံးကြွေးဆပ်နိုင်မလားဆိုတာ မန်ယူနည်းပြဖာဂူဆန်အတွက် ခက်ခဲတဲ့ပုစ္ဆာတစ်ခုလိုဖြစ်နေတာတော့အမှန်ပါပဲ။ လက်ရှိခြေစွမ်းအရ မန်စီးတီးက ပိုပြီးမာကျောပေမယ့် မထင်မှတ်တဲ့ ရလဒ်တွေကို မန်စီးတီးကွင်းမှာရယူပြခဲ့တဲ့ မန်ယူရဲ့အစဉ်အလာလည်းရှိနေတော့ ဒီပွဲဟာ ရင်ခုန်စရာကောင်းတာတော့ အမှန်ဖြစ်ပါတယ်။

(ကိုးကား-အင်တာနက်)

7-1 (05).pmd 1 1/7/2012, 2:08 AM

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့

ကမ္ဘာ့နိုင်ငံအသီးသီးမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

ရန်ကုန် ဇန်နဝါရီ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်တို့ထံသို့ ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံအကြီးအကဲများနှင့် နိုင်ငံခြားရေးဝန်ကြီးများက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီး ပေးပို့ကြသည်။

ယမန်နေ့မှအဆက်

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီဆိုင်ညဆွန်ထံမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် လာအိုအစိုးရနှင့်ပြည်သူများကိုယ်စား ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါကြောင်း၊ လာအိုနှင့်မြန်မာနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးနှင့် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိပါကြောင်း၊ အနာဂတ်ကာလတွင်လည်း နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များ၌ ပူးတွဲဆောင်ရွက်မှုများ ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာနှင့် ဒေသတွင်း၌ ငြိမ်းချမ်းရေး၊ ချစ်ကြည်ရင်းနှီးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံပြည်သူများ ပိုမိုထိတွေ့ဆက်ဆံနိုင်မှုများကိုလည်း တိုးမြှင့်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ အဆွေတော်နှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများ ကျန်းမာချမ်းသာကြစေရန် ဆုမွန်ကောင်းများတောင်းပါကြောင်း ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်ကလည်း ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

တစ်ဖန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းတို့ထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ ဘွန်ညံဗိုရာချစ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ဆက်လက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာထောင်လွန်းဆီဆုလစ်ထံမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အီတလီသမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ အီတလီသမ္မတနိုင်ငံ သမ္မတ ဂျီယောဂျီယိုနပိုလီတာနိုက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အီတလီအစိုးရနှင့် ပြည်သူများကိုယ်စား ဂုဏ်ယူဝမ်းမြောက်ကြောင်းနှုတ်ခွန်းဆက်သပါကြောင်း၊ မြန်မာနိုင်ငံတွင် အပြုသဘောဆောင်သောဖြစ်ထွန်းတိုးတက်မှုများရရှိနေသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ အဆိုပါ ဖြစ်ထွန်းတိုးတက်မှုများကို ဆက်လက်ထိန်းသိမ်း အကောင်အထည်ဖော်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား အနာဂတ်ကာလတွင် နက်ရှိုင်းသော ဆက်ဆံရေးဖြစ်ထွန်းလာမည်ဖြစ်ပါကြောင်း၊ အဆွေတော်နှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများ ကျန်းမာချမ်းသာကြစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ဖော်ပြပါရှိသည်။

ဘာရိန်းနိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဘာရိန်းနိုင်ငံ ဘုရင်မင်းမြတ် ဟာမက်ဘင်အီဆာအယ်လ်ခါလီဖာထံမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများထံ ဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်ပါကြောင်း၊ အဆွေတော်၏ ဦးဆောင်မှု ဖြင့် မြန်မာနိုင်ငံတိုးတက်ဖြစ်ထွန်းမှုများရရှိမည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများ ကျန်းမာချမ်းသာကြစေရန် ဆုမွန်ကောင်းများ တောင်းပါကြောင်း ဖော်ပြပါရှိသည်။

ကျူးဘားနိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ကျူးဘားနိုင်ငံ သမ္မတ ရာအူးကက်စထရိုရုဇ်ထံမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်ထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးတိုးတက်ဖြစ်ထွန်းမှုကို အလေးအနက်ထားပါကြောင်း၊ အဆွေတော်နှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများ ကျန်းမာချမ်းသာကြစေရန် ဆုမွန်ကောင်းများတောင်းပါကြောင်း ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ ကျူးဘားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘရူနိုရိုဒရီကွက်ဇ်ပါရီလာထံမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ ။

(ဆက်လက်ဖော်ပြပါမည်)

ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား

စတုတ္ထအကြိမ်မြောက် Horizon စားပွဲတင်တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)၊ မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်နှင့် Horizon Sport Academy တို့ ပူးပေါင်းကျင်းပသော စတုတ္ထအကြိမ် Horizon Open စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ဇန်နဝါရီ ၂၈၊ ၂၉ ရက်များတွင် ရွှေခင်းသာကန်ပတ်လမ်းရှိ Horizon International School တွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသမီးအသက် ၁၂ နှစ်အောက်ပြိုင်ပွဲ၊ အသက် ၁၅ နှစ်အောက်ပြိုင်ပွဲ၊ အလွတ်တန်းပြိုင်ပွဲ၊ အမျိုးသားအသက် ၁၂ နှစ်အောက်၊ ၁၅ နှစ်အောက်၊ ၁၈ နှစ်အောက်၊ အပျော်တမ်းအဆင့်၊ ဒုတိယတန်းနှင့်အလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲများထည့်သွင်းကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ခွင့်ပုံစံများကို အမျိုးသားရေကူးကန်ရှိ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် မြို့မကျောင်းလမ်းရှိ ကာကွယ်ရေးဝန်ကြီးဌာန စားပွဲတင်တင်းနစ်ကလပ်၊ Horizon International School (Po Sein Campus နှင့်Su Khinn Thar Campus) နှင့် www.horizon myanmar. com တို့တွင် ရယူနိုင်ပြီး ဇန်နဝါရီလ ၂၃ ရက် နောက်ဆုံးထား၍ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်နှင့် Horizon International School (Po Sein Campus) သို့ လျှောက်ထားနိုင်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၅၄၃၉၂၆၊ ၅၄၁၀၈၅၊ ၅၅၁၇၉၅ နှင့် ၅၅၁၇၉၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ပြိုင်ပွဲဖွင့်လှစ်

CEO Classic Golf Tournament ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား၌ CEO Group မှ ဒါရိုက်တာ ဦးမြင့်ဟန် ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။

(ဂေါက်သီးအဖွဲ့ချုပ်)

CEO Classic Golf Tournament ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ CEO Group မှ အဓိကကူညီပံ့ပိုးသော CEO Classic Golf Tournament ဂေါက်သီးရိုက် ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ Royal Mingalardon Golf & Country Club ၌ ကျင်းပသည်။

စတင်ကျင်းပ

ဖွင့်ပွဲအခမ်းအနားတွင် ဂေါက်သီးရိုက် အားကစားသမားများသည် သတ်မှတ်ထားသည့် အမှတ်(၁)တီခုံ၌ နေရာယူကြပြီး ဇေကမ္ဘာကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ CEO Group မှ ဒါရိုက်တာ ဦးမြင့်ဟန်၊ မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးအောင်ကြည်၊ ဦးမင်းသိန်းတို့က အလှည့်ကျဂေါက်သီးရိုက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးကြကာ ပထမနေ့ ၁၈ ကျင်း ပြိုင်ပွဲကို စတင်ကျင်းပသည်။

ပထမနေ့ ၁၈ ကျင်းအပြီး Professional Golfers ပြိုင်ပွဲတွင် ဖော်ဖော်လတ်(Srixon)က ရိုက်ချက် ၆၇ ချက်ဖြင့်ဦးဆောင်လျက်ရှိပြီး လှမျိုး (A.P.P.O) က ရိုက်ချက် ၆၈ ချက်ဖြင့် ဒုတိယ၊ ဖော်ဇင်ဝင်း (Srixon) နှင့် နေဗလဝင်းမြင့်တို့က ရိုက်ချက် ၆၉ ချက်ဖြင့် တတိယလိုက်နေကြသည်။

ဦးဆောင်ကစား

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် အောင်ဆန်းမျိုး၊ မောင်မောင်ဦးနှင့် သိန်းနိုင်စိုးတို့က ရိုက်ချက် ၆၉ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြင်းစီးအားကစားပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြင်းစီးအားကစားပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းရှိ ရန်ကုန်မြင်းစီးအသင်း၌ ကျင်းပသည်။ (ယာပုံ)

ဆုချီးမြှင့်

ပြိုင်ပွဲအပြီးတွင် DRESSAGE ပြိုင်ပွဲ၌ ပထမ မေဦး (မြင်း-ချစ်စနိုး)၊ ဒုတိယ ထွန်းလင်းအောင်(မြင်း-ချောကလက်)၊ တတိယ MISS Stella (မြင်း-ရာဇာ)၊ BARRAL RACE ပြိုင်ပွဲတွင် ပထမ နန္ဒာ(မြင်း-ဘယ်လာ)၊ ဒုတိယ ကျော်ထက် (မြင်း-အလိမ္မာ)၊ တတိယ မေဦး (မြင်း-ချစ်စနိုး)၊ မြင်းစီးစက်ထိုးပြိုင်ပွဲတွင် ပထမ ဝင်းထွန်း(မြင်း-စလင်း)၊ ဒုတိယ စိုးထက်အောင်(မြင်း-စကွင်းမ)၊ တတိယ ဇော်ဝင်းထွေး (မြင်း-ဖိုးချစ်)၊ ကုန်းနီးမှဲ့ဒုန်းပြိုင်ပွဲတွင် ပထမ သိန်းထိုက်စံ (မြင်း-စိန်ဘယက်)၊ ဒုတိယ ထွန်းလင်းအောင် (မြင်း-ရိုစ့်)၊ တတိယ တင်ထွန်း(မြင်း-စိန်မမ)၊ SHOW JUMPING ပြိုင်ပွဲတွင် ပထမ ရဲမင်းဦး(မြင်း-မာယာ)၊ ဒုတိယ အောင်ကျော် (မြင်း-မြနှင်းဆီ)၊ တတိယ မွေးကို (မြင်း-ရန်ကြီးအောင်)တို့ဖြစ်ကြပြီး ဆုများကို တာဝန်ရှိသူတို့က ချီးမြှင့်ကြကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၈) ရပ်ကွက် ပန်းခြံ၌ ဇန်နဝါရီ ၄ ရက်က ကျင်းပရာ အမျိုးသားအလွတ်တန်း ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သော အသင်းအား ရပ်မိရပ်ဖ ဦးဌေးအောင်နှင့် ဦးအောင်ရွှေတို့က ဂုဏ်ပြုဆုချီးမြှင့်စဉ်။

မြင့်သန်းကြည်(ရွှေပြည်သာ)

မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ပြည် ဇန်နဝါရီ ၆

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်တွင် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် ညနေ ၃ နာရီက မင်္ဂလာရွှေပြည် အားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲတွင် ခေတ္တရာမြို့သစ်ရပ်ကွက် ဘောလုံးအသင်းနှင့် ဆံတော်ရပ်ကွက် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ခေတ္တရာမြို့သစ်ရပ်ကွက် ဘောလုံးအသင်းက ခုနစ်ဂိုး-ခြောက်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက ဒိုင်းဆုချီးမြှင့်ပေးအပ်ပြီး တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

7-1 (06).pmd 1 1/7/2012, 2:08 AM

ခေတ်မမီတော့တဲ့ သီချင်း

စွမ်းမောင်မောင်
(လူမှု/ကယ်ဆယ်)

"ရန်သူငါးပါးထဲမှာ အင်မတန်ဆိုးဝါးလှတာ . . မညာတာဘယ်သူမှ မထောက်တာ . . သူခိုးဓားပြထက်ဆိုးတဲ့ရန်သူဟာ . . ဤဇဗ္ဗူတစ်ခွင်မှာ . . ရန်သူမီးကို အစဉ်အမြဲသတိပြုပါ" ဆိုတဲ့သီချင်းကို ငယ်စဉ်ကတည်းက ကြားဖူးနေခဲ့ပြီးသား ဖြစ်ကြပါလိမ့်မယ်။ နှစ်(၅၀)ကျော်ပြီး ဂန္တဝင်သီချင်းတစ်ပုဒ်ဖြစ်ရုံသာမက မီးဘေးကာကွယ်ရေးအတွက် ပြည်သူတွေကို အသိပညာပေး တပ်လှန့်နှိုးဆော်နေတဲ့ အကျိုးပြုသီချင်းလို့တောင်မှ မှတ်တမ်းတင်ရမှာပါ။ ခေတ်ဟောင်းပေမယ့် ခေတ်မီနေဆဲလို့လည်း ဆိုချင်ပါတယ်။ နိုင်ငံကျော် အဆိုတော်ကြီး ဦးထွန်းရွှေရဲ့ အောင်မြင်ခဲ့ညားတဲ့ အသံဝါကြီးနဲ့ မာန်ပါပါတေးသံကို ကြားရပြီဆိုလျှင် တစ်မြို့လုံး၊ တစ်ရွာလုံး၊ တစ်ရပ်ကွက်လုံးက ရဟန်း ရှင်လူပြည်သူတွေကို မီးသတိပြုမိစေဖို့ ဖျတ်ခနဲတော့ သတိရစေတာလည်း အမှန်ပါ။ သို့သော်လည်း ဖျတ်ခနဲဆိုတာကလည်း တကယ့်ကိုမှ ဖျတ်ခနဲပါဆိုတာ လတ်တလောဖြစ်ပျက်နေတဲ့ မီးဘေးသတင်းတွေအရ သက်သေအထောက်အထားတွေက အခိုင်အမာရှိနေပြန်ပါတယ်။ ပူပူနွေးနွေးမီးဘေးဖြစ်စဉ်အနေနဲ့ ၂၀၁၁ ခုနှစ်ကုန် ဒီဇင်ဘာလ ၂၉ ရက်နေ့ နံနက်စောစော မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် မီးဘေးမှာ ပြည်သူတွေရဲ့အသက်နဲ့ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် အိုးအိမ်ပစ္စည်းတွေ အများအပြား ဆုံးရှုံးမှုကတော့ ကြောက်စရာကောင်းလှပါတယ်။

မီးသတ်တပ်ဖွဲ့ဝင်ငါးဦးနဲ့ ပြည်သူ ၁၂ ဦး အသက်ဆုံးရှုံးခဲ့ရသလို မီးသတ်တပ်ဖွဲ့ဝင် ၃၇ ဦး၊ ပြည်သူ ၅၃ ဦး ဒဏ်ရာရရှိစေခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် ၁၁၃ ဒသမ ၆သန်း ရှိခဲ့ပါသည်။ အချိန် လေးနာရီကျော်အတွင်း ဆုံးရှုံးခဲ့ရတဲ့တန်ဖိုးက မနည်းလှပေဘူး၊ ရုပ်ဝတ္ထုပစ္စည်းတွေဆုံးရှုံးတာတွေကို အမြန်အစားထိုး အသစ်ပြုပြင်တည်ဆောက်လို့ရနိုင်ပေမယ့် မီးဘေးကြောင့် မိသားစုတွေရဲ့ဘဝတွေ မလှမပဖြစ်ခဲ့ရတဲ့ စိတ်ပိုင်းဆိုင်ရာ ဆုံးရှုံးမှုတွေကိုတော့ အချိန်ယူပြီး ပြုစုရတော့မယ်။ ဒီနှစ် ဧပြီလက နိုဝင်ဘာလအထိ မီးလောင်မှု (၅၁၆) ကြိမ်ဖြစ်ခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးငွေကျပ်သန်းပေါင်း ၁၂၉၆ ဒသမ ၄၉ ထိတောင် ရှိခဲ့တာဆိုတော့ နိုင်ငံရဲ့စွမ်းအားစုတွေ ယုတ်လျော့စေခဲ့တဲ့ မီးဘေးဟာ ဘယ်လောက်ကြောက်စရာကောင်းတဲ့ ဘေးဒုက္ခလဲဆိုတာ မှန်းဆကြည့်နိုင်မှာပါ။

၂၀၁၀ ခုနှစ် ဧပြီလက နိုဝင်ဘာလအထိ မီးလောင်မှု (၄၆၆) ကြိမ်ဖြစ်ခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးငွေကျပ်သန်းပေါင်း ၂၃၉၀၃ ဒသမ ၅၈ ရှိခဲ့တာမို့ ယခုနှစ်မှာ မီးလောင်မှု ကြိမ်ရေ (၅၀) ပိုမိုပြီး ဆုံးရှုံးမှုတန်ဖိုးမှာတော့ ငွေကျပ်သန်းပေါင်း ၂၂၆၀၇ ဒသမ ၀၉ လျော့နည်းသွားတာကို တွေ့ရပါတယ်။ အချိန်ကာလတူ မီးလောင်မှု မှတ်တမ်းနှစ်ခုကို နှိုင်းယှဉ်ကြည့်ရင် ပြည်သူတွေ မီးသတိပြုမှု အားနည်းနေသေးတာရယ်၊ အကြောင်းတရားပေါင်းများစွာကြောင့် ဆုံးရှုံးမှုတန်ဖိုးတွေ မြင့်မားနေသေးတယ်ဆိုတာရယ်ကို ကောက်ချက်ချနိုင်ပါပြီ။ ပြီးခဲ့တဲ့ဆယ်စုနှစ်တစ်ခုအတွင်း နိုင်ငံမှာ ဖြစ်ပွားခဲ့သမျှ သဘာဝဘေးတွေရဲ့ ၇၃ ရာခိုင်နှုန်းက မီးဘေးဖြစ်နေတာကိုလည်း မှတ်တမ်းများအရ တွေ့နိုင်ပါတယ်။

ကူးတို့ဆိပ်ရပ်ကွက် မီးဘေးဖြစ်စဉ်မှာ မီးသတ်ဦးစီးဌာနက မီးသတ်ရဲဘော်ငါးယောက်က ပြည်သူလူထုအတွက် မီးဘေးအန္တရာယ်ကို စွန့်လွှတ်စွန့်စား ကာကွယ်ရင်း အသက်စွန့်ခဲ့တာဟာ တပ်ဖွဲ့ရဲ့ဂုဏ်ကို မြင့်တင်ခဲ့တာမို့ မီးသတ်တပ်ဖွဲ့အတွက်နဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအတွက် တကယ့်ဂုဏ်ယူစရာဖြစ်ပေမယ့် သူတို့မိသားစုတွေကတော့ ကြေကွဲဝမ်းနည်းခဲ့ရမှာပါ။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌကိုယ်တိုင် မီးဘေးဖြစ်ပွားတဲ့နေ့ချင်းမှာပဲ ဘေးဖြစ်ပွားရာနေရာ ကယ်ဆယ်ရေးစခန်းမှာရောက်နေတဲ့ မီးဘေးသင့်ပြည်သူတွေဆီ အရောက်သွားလို့ အားပေးနှစ်သိမ့် စကားပြောကြား၊ ငွေနဲ့ထောက်ပံ့ပစ္စည်းတွေ ပေးအပ်၊ ဒဏ်ရာရလူနာတွေကို ထောက်ပံ့ငွေတွေ ပေးအပ်ပြီး အားပေးစကားပြောကြားတာတွေ ဆောင်ရွက်ခဲ့ပါတယ်။ မီးဘေးသင့်ပြည်သူတွေ စားသုံးနိုင်ဖို့နဲ့ လတ်တလော စားသောက်ရေးကို ဖြေရှင်းပေးတာ၊ သေဆုံးဒဏ်ရာရသူများအတွက် ထောက်ပံ့တာ အပါအဝင် ထောက်ပံ့မှု စုစုပေါင်း ၁၄ ဒသမ ၈၈ သန်းကျော်ရှိပါတယ်။ ဒါက သဘာဝဘေးဖြစ်ပွားပြီဆိုတာနဲ့ မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ် စောင့်ရှောက်မှုအဖွဲ့နဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနရဲ့ အရေးပေါ် တုံ့ပြန်မှုတစ်ရပ်ပါ။ ရေရှည်နေထိုင်ဖို့ အိုးအိမ်တွေ အသစ်ပြန်လည်ထူထောင်တည်ဆောက်နိုင်ဖို့ အကူအညီတွေကိုလည်း ဆက်ပေးဦးမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို အမြဲဖြည့်ဆည်းဖို့ စာနာတဲ့စိတ်နဲ့ အမြဲဆောင်ရွက်ပေးနေဦးမှာပါ။

သဘာဝဘေးအန္တရာယ်ဆိုတာ ဖြစ်ပြီးမှအရေးပေါ်တုံ့ပြန်ပြီး ကယ်ဆယ်ရတာ၊ ပြန်လည်ထူထောင်၊ ပြန်လည်တည်ဆောက်ရတာတွေထက် မဖြစ်ခင် သဘာဝဘေးတွေလျော့ကျအောင် လျှော့ချခြင်းဆိုတဲ့ ကြိုတင်ကာကွယ်ခြင်း၊ သဘာဝဘေးကြုံလာရင် ဘယ်လိုကြံ့ကြံ့ခံ ရင်ဆိုင်မလဲဆိုတဲ့ အသိပညာတွေ ဖြန့်ဖြူးပေးခြင်း၊ ရေရှည်သဘာဝဘေးကို ကာကွယ်နိုင်ဖို့ ဘာတွေဘယ်လိုပြင်ဆင်ရမလဲဆိုတဲ့ အစီအမံတွေ ထားရှိခြင်းက ပိုလို့အရေးကြီးလှပါတယ်။

"ဘေးရန်တွေကို ဘေးအန္တရာယ်မဖြစ်စေဖို့" တားဆီးကာကွယ်ကြရမယ်ဆိုရင် မမှားပေဘူး။

မြန်မာလူမျိုးတို့ရဲ့ အစဉ်အလာအတိုင်း မီးဘေးဖြစ်ပွားတဲ့နေ့ နေ့လယ်ပိုင်းကစလို့ ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရာကို တိုင်းဒေသကြီးအစိုးရနှင့် အဖွဲ့အစည်း အသီးသီးတွေက ပုဂ္ဂိုလ်တွေ၊ ရဟန်းရှင်လူပြည်သူတွေ၊ အနုပညာရှင်တွေ စွမ်းနိုင်သလောက် လာရောက်လှူဒါန်းတာကို တွေ့ရပြန်တော့လည်း ဘေးသင့်ပြည်သူတွေအတွက် ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးမှာ အထောက်အကူဖြစ်စေတာမို့ အနည်းငယ်စိတ်သက်သာမှုကို ရရှိခဲ့ပါတယ်။ မီးဘေးသင့်ပြည်သူများအပေါ် ကူညီမှုတွေပေးခဲ့ရုံသာမက ဘာကြောင့်၊ ဘယ်သူ့ကြောင့် ဒီလိုဘေးအန္တရာယ်တွေ့ကြုံနေရသလဲ၊ နောင်ကိုဒီလိုဘေးဒုက္ခမကြုံရလေအောင် ဘယ်သူတွေက ဘယ်လိုကာကွယ်ကြမလဲ၊ တားဆီးကြမလဲ၊ ဆုံးရှုံးမှုတွေမရှိအောင် လျော့နည်းအောင် ဘယ်လိုခုခံတွန်းလှန်ကြမလဲဆိုတာကို ဖော်ထုတ်ပြီး အနာဂတ်ကာလများမှာ ဒီလိုကြေကွဲဖွယ်ဖြစ်စဉ်တွေက ကင်းဝေးရလေအောင် တာဝန်ရှိသူတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုက အဓိကကျလှပါတယ်။ ကမ္ဘာနဲ့မြန်မာမှာ ဖြစ်ပျက်ခဲ့လေသမျှ ဘေးအန္တရာယ်တွေကိုကြည့်ရင်း ဘေးအန္တရာယ်ဖြစ်စဉ်တွေပေါ်က ရတဲ့သင်ခန်းစာတွေအပေါ် စိတ်ပျက်စရာကောင်းလောက်အောင် လွယ်လွယ်ကူကူမေ့လျော့ခဲ့တာကြောင့် ဘေးဒုက္ခတွေကို ထပ်ခါတလဲလဲ ခံစားနေကြရတာပါလို့ ပညာရှင်တွေက ဖော်ထုတ်ခဲ့တာကိုလည်း ဘယ်သူမှမငြင်းဆန်နိုင်ပါဘူး။ တကယ်တော့ ဘေးအန္တရာယ်တွေကြောင့် အသက်အိုးအိမ်စည်းစိမ် ဆုံးရှုံးပျက်စီးရခြင်းဟာ ကြုံလာနိုင်တဲ့ ဘေးဒုက္ခတွေအပေါ် အလေးဂရုမပြုတာ၊ ကြိုတင်ပြင်ဆင်မှု၊ ကာကွယ်မှုဆိုင်ရာ ဗဟုသုတတွေမရှိတာ၊ ဘေးဒုက္ခကို ထိရောက်တဲ့တုံ့ပြန်မှုလုပ်နိုင်မယ့် စွမ်းအားအရင်းအမြစ် အလုံအလောက် တည်ဆောက်မထားနိုင်တာတွေက အကြောင်းအရင်းတွေ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ကတော့ သည်အဖြစ်ဆိုးတွေ လျော့နည်းသည်ထက်လျော့နည်းအောင် ပြည်သူလူထုအတွင်း သဘာဝဘေး (မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ မြေပြိုဘေး၊ ငလျင်ဘေး၊ ငတ်မွတ်ခေါင်းပါးဘေး စတဲ့ ဘေးဒုက္ခအမျိုးမျိုးနဲ့စပ်လျဉ်းတဲ့ အသိပညာများစွာကို ဖြန့်ဖြူးပေးနေသလို အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးနဲ့ ပူးပေါင်းပြီး သဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုများ လက်တွေ့ဆောင်ရွက်နေတဲ့ မီးသတ်တပ်ဖွဲ့ဝင်တွေ အပါအဝင် ဝန်ထမ်းတွေရဲ့စွမ်းရည်မြှင့်တင်ဖို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုကြောင့် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ပစ္စည်း ဥစ္စာနဲ့ လူသားအရင်းအမြစ်တွေ လူ့အသက်တွေဆုံးရှုံးမှုတွေဟာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကို အနှောင့်အယှက်ဖြစ်စေသလို ဆင်းရဲမှုကို တိုးမြင့်စေတဲ့အကြောင်းရင်းတစ်ရပ်လည်း ဖြစ်နေပြန်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ရခြင်း အကြောင်းရင်းများနဲ့ အကျိုးဆက်များကို သိရှိနားလည်စေပြီး ရပ်ရွာအဆင့်၊ မိသားစုအဆင့်နဲ့ ပြည်သူတစ်ဦးချင်းအတွက် ကြိုတင်ပြင်ဆင်ရေးနဲ့ တုံ့ပြန်ဆောင်ရွက်ရေး အစီအမံတွေကို ဆောင်ရွက်ရာမှာ လက်တွေ့အသုံးချနိုင်မှာဖြစ်ပါတယ်။ ဒါဟာ ရပ်ရွာလူထုကိုအခြေပြုတဲ့ သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းစဉ်တွေပဲလို့ တောရောမြို့ပါ ရပ်ရွာလူထုနဲ့ လူမှုရေးအဖွဲ့အစည်းများအနေနဲ့ သဘာဝဘေးလျော့ပါးရေးဆိုင်ရာ အခြေခံဗဟုသုတတွေ၊ အသိပညာတွေ ပြည့်စုံကြွယ်ဝနေစေဖို့ကိုလည်း ပူးပေါင်းဆောင်ရွက်နေပါတယ်။

ဒီလိုဆိုရင်တော့ ခေတ်မီနေတဲ့ "မီးသတိပြု"သီချင်းကို ခေတ်မမီတော့တဲ့ ဂန္တဝင်သီချင်းအဖြစ်သာ ရာဇဝင်ထဲမှာသာ ထားရစ်ခဲ့နိုင်ဖို့ ရပ်ရွာလူထုအခြေပြုတဲ့ သဘာဝဘေးအန္တရာယ်လျှော့ချရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့်တင်သွားရာမှာ ပြည်သူအားလုံး ပူးပေါင်းပါဝင်မှုဟာ အရေးတကြီးလိုအပ်နေပြီဟု တပ်လှန့်နှိုးဆော်လိုက်ရပါကြောင်း။ ။

လွတ်လပ်ရေးနေ့အခမ်းအနားများ အမြို့မြို့အနယ်နယ်၌ကျင်းပ

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ကျိုက်လတ်မြို့နယ်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော် ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် အထက (၁) ကျောင်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာအုန်း ဖတ်ကြားစဉ်။ (၀၄၂)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် သီရိဇေယျအနော်ရထာခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း ဖတ်ကြားစဉ်။ (၁၅၁)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း အောင်ကျော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦး ဖတ်ကြားစဉ်။ (ထွေ/အုပ်)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ကဝမြို့နယ် စည်ပင်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်း ဖတ်ကြားစဉ်။ (၀၆၄)

လူကုန်ကူးမှု တိုက်ဖျက်ရေး အသိပညာပေးဟောပြော

ပဲခူး ဇန်နဝါရီ ၆

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင်ရဲတပ်ဖွဲ့မှ လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂ ရက်မွန်းလွဲ ၁ နာရီက ခရိုင်ရဲတပ်ဖွဲ့မှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဒုရဲအုပ်ဇော်မိုးလွင်က ဆောင်ရွက်ပြီး ပဲခူးခရိုင်ရဲတပ်ဖွဲ့ ရဲမှူး (ဦးစီး) ရဲမှူးခင်မာဝင်းက ပဲခူးခရိုင်ရဲတပ်ဖွဲ့ လူကုန်ကူးမှု တိုက်ဖျက်ရေးအသိပညာပေး ကိစ္စရပ်များကို ရှင်းလင်းဟောပြောသည်။ ဆက်လက်၍ ရဲအုပ် အောင်မျိုးသန့်၊ ရဲအုပ်ခင်မောင်ဖြူနှင့် ရဲအုပ်ခင်မောင်လှတို့က လူကုန်ကူးမှု တိုက်ဖျက်ရေးအတွက် ရဲတပ်ဖွဲ့၏ အခန်းကဏ္ဍများနှင့် ကျရာအခန်းလိုက် ဆောင်ရွက်ကြရမည့် တာဝန်များကို ဟောပြောခဲ့ကြသည်။ **(မြန်မာ့အလင်း)**

တာဝေးအပြေးပြိုင်ပွဲ

ဇန်နဝါရီ ၄ ရက်က နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့ အနော်ရထာရပ်ကွက် ရွှေသင်ခါ ပညာရေးဖွံ့ဖြိုးမှု ဖောင်ဒေးရှင်းနှင့် အလင်းအိမ် စာကြည့်တိုက်မှ ကြီးမှူးကျင်းပသည့် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အမျိုးသား တာဝေးအပြေးပြိုင်ပွဲကို ကျင်းပစဉ်။ (၀၂၁)

ဒီဇင်ဘာ ၂၀ရက်က ကန့်ကြီးထောင့်မြို့နယ် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများ ပူးပေါင်း၍ မီးငြိမ်းသတ်ခြင်း သရုပ်ပြလေ့ကျင့် ဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း **မီးဘေးသတင်း**

အင်းစိန်မြို့နယ်၌ မီးလောင်မှုများဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၆

အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် ဘုရင့်နောင်လမ်းရှိ အမှတ် (၃) သံမဏိစက်ရုံဝင်းအတွင်း ယနေ့ည ၈ နာရီခွဲခန့်က ကားဘော်ဒီသံပြားကို ဖြတ်တောက်နေစဉ် အနီးရှိ ကားဆိုဖာ အဟောင်းပုံပေါ်သို့ မီးပွားလွင့်စဉ်ရာမှ မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။ မီးလောင်ရာသို့ မီးသတ်ယာဉ်များ အချိန်မီ ရောက်ရှိငြိမ်းသတ်ရာ ည ၈ နာရီ ၅၅ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး ည ၉ နာရီခန့်တွင် မီးငြိမ်းသွားခဲ့သည်။ လူနေအိမ်များ မီးလောင်ကျွမ်းခြင်းမရှိဘဲ အသေအပျောက်လည်း မရှိကြောင်း သိရှိရသည်။ **(၁၆၄)**

အလားတူ ယနေ့ နံနက် ၂ နာရီခွဲကလည်း အင်းစိန်မြို့နယ် ကမ်းနားအလယ်ရပ်ကွက် ရတနာသုခလမ်းတွင် ဖွင့်လှစ်ထားသော ကသစ်ဦး အကြော်စုံလုပ်ငန်းတွင် ဝိုင်ယာကြိုးများအနီး ပလတ်စတစ်များ ထားရှိရာမှ အပူလွန်၍ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ မီးလောင်ကျွမ်းရာသို့ မီးသတ်ယာဉ် ၃၃စီး၊ အုပ်ချုပ်မှုယာဉ် ငါးစီး၊ အထောက်အကူပြုယာဉ်ငါးစီးဖြင့် မီးငြိမ်းသတ်ခဲ့သဖြင့် နံနက် ၂နာရီ ၅၅ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး နံနက် ၃ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရှိရသည်။ **(၀၃၁)**

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ကိုရီးယားဧည့်သည်တွေ့

နေပြည်တော် ဇန်နဝါရီ ၆

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့အခြေစိုက် Youngone Corporation မှ ဥက္ကဋ္ဌ Mr. Kihak Sung ဦးဆောင်သည့်အဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအလားအလာများကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့်တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

◆ *ကျောဖုံးမှ*

သက်တမ်းခုနစ်လသားရှိ ပျမ်းမျှ တစ်ဧက တန် ၆၀ ထွက်ရှိမည့် အထူးအထွက်တိုးမျိုးသန့်မျိုးပွားကြံစိုက်ခင်းတို့ကိုလည်းကောင်း ကြည့်ရှုလေ့လာကြသည်။

ကြည့်ရှုလေ့လာ

ဆက်လက်၍ တောင်သူပညာပေး ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ခင်း၌ ဖြစ်ထွန်းအောင်မြင်နေသော ဘူး၊ ဖရုံ၊ ဖရဲ၊ သခွား၊ ငရုတ်အမျိုးမျိုး၊ ဆလတ်အမျိုးမျိုး၊ မုန်ညင်း၊ မုန်လာအမျိုးမျိုး၊ ကိုက်လန်၊ ဆူကာနီ၊ ကန်စွန်းစသော သီးနှံအမယ်စုံ ၃၅ မျိုးကို ကြည့်ရှုလေ့လာကြသည်။

ဆွေးနွေးပြောကြား

ထို့နောက် စိုက်ခင်းရှင်းလင်းဆောင်၌ ပြည်ထောင်စုဝန်ကြီးက ကျေးလက်ဒေသရှိ တောင်သူလယ်သမားများအား ရေမြေသဘာဝနှင့် ကိုက်ညီသော ဟင်းသီးဟင်းရွက် သစ်သီးဝလံများ စိုက်ပျိုးပြီး အပိုဝင်ငွေရရှိစေရန် တောင်သူပညာပေးလက်တွေ့စိုက်ပျိုးပြသခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက် မျိုးကောင်းမျိုးသန့် ပြောင်းလဲသုံးစွဲခြင်း၊သိပ္ပံနည်းကျစိုက်ပျိုးခြင်း၊ ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများ ထည့်သွင်းသုံးစွဲခြင်း၊ ရိတ်သိမ်းချိန်တွင်အလေအလွင့်နည်းပါးစေရန် ဂရုပြုရိတ်သိမ်းခြင်းနှင့် ခေတ်မီရိတ်သိမ်းခြွေလှေ့စက်များကို အသုံးပြုခြင်းစသည်တို့ ဆောင်ရွက်ရန်လိုကြောင်း၊ လေ့လာရေးခရီးမှရရှိသည့် အတွေ့အကြုံများကို ကိုယ်တိုင်တစ်ဦးချင်း လက်တွေ့အသုံးပြုခြင်းဖြင့်ဒေသအလိုက် မိသားစုတစ်စုချင်းစီမှ တစ်နယ်လုံးဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းဒေသ အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ရေးစီမံကိန်း ဧက ၁၀၀ စိုက်ကွင်း၌ ပုလဲသွယ်စပ်မျိုးစပါးမျိုး ယှဉ်ပြိုင်စိုက်ပျိုးရန် ပျိုးပေါင်များ ပြင်ဆင်ဆောင်ရွက်အကောင်အထည်ဖော်နေမှုများ၊ ဒက္ခိဏသီရိမြို့နယ်ချိုင်းကျေးရွာအနီးရှိတောင်သူပညာပေး ဧက၄၀စိုက်ကွင်း၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ဗီယက်နမ်မျိုးစေ့ထုတ်ကုမ္ပဏီ Vietran-imex ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်သည့် ပုလဲသွယ် ၅၉ ရက်သား သက်တမ်းရှိ ဗီယက်နမ်စပ်မျိုးစပါးမျိုး ၁၁မျိုးယှဉ်ပြိုင်သုတေသနစိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် စပါးခင်းအနီး ဗီယက်နမ်မျိုး နဂါးမောက်သီးပင် သုတေသနအပင် ၁၀၀ စမ်းသပ်စိုက်ခင်း၏ ဖြစ်ထွန်းအောင်မြင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပထမအဆင့်နဂါးမောက်အပင် ၁၀၀၀အထိ တိုးချဲ့စိုက်ပျိုးအကောင်အထည်ဖော်သွားရန်နှင့် ဒေသနှင့်ကိုက်ညီအောင်မြင်ဖြစ်ထွန်းမှုအပေါ် မူတည်၍ တောင်သူလယ်သမားများအား အခမဲ့ ဖြန့်ဖြူးပေးနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွန်ကရစ်လမ်းဖွင့်ပွဲ ပုသိမ်မြို့၌ကျင်းပ

ပုသိမ် ဇန်နဝါရီ ၆

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ဈေးချောင်းလမ်းနှင့်ကုန်သည်လမ်း ကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီကကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်မိရပ်ဖများ၊ NGO အသင်းအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက လမ်းနှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားကာ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်၊ ပုသိမ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးဟန်နှင့် လမ်းကော်မတီမှ တာဝန်ရှိသူတို့က လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)**

လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပန်းကေရီမယ်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

၂၀၁၂ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပန်းကေရီမယ် ပြိုင်ပွဲကို ဇန်နဝါရီ ၅ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းနှင့် တော်ဝင်လမ်းထောင့်ရှိ ပြပွဲပြိုင်ပွဲကွင်း၌ ကျင်းပရာ ပြိုင်ပွဲဝင် ပန်းကေရီမယ်များက ပန်းအလှများဖြင့် ပုံဖော်ထားသော ဒီဇိုင်းဝတ်စုံများဖြင့်လည်းကောင်း၊ နှုတ်မေးခွန်းများဖြေဆို၍ လည်းကောင်း ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ပထမမှ ဒသမအထိ ဆုရရှိသူများနှင့် အထူးဆုရရှိသူ ခြောက်ဦးတို့အား မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်းနာယက ဒေါ်ခင်သက်ငွေ **(ယာပုံ)**နှင့် နာယကအဖွဲ့ဝင်များက ဆုများ ပေးအပ် ချီးမြှင့်ကြကြောင်း သိရသည်။

(သတင်းစဉ်)

အင်္ဂလိပ်ဘာသာကျွမ်းကျင်မှု စကားပြောသင်တန်းဖွင့်ပွဲ ဒုတိယဝန်ကြီး ဦးဌေးအောင် တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၆

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်အား အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုစကားပြောသင်တန်း ပို့ချမည့် အမေရိကန်နိုင်ငံ English Language Institute, Fort Collins, Colorado မှ Ms. Linda Doeden၊ Ms. Aleta Loftis နှင့် Asia Master ဟိုတယ် သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးခင်မောင်လွင်တို့သည် ဇန်နဝါရီ ၅ရက် ညနေ ၃နာရီတွင် ဝန်ကြီး၏ဧည့်ခန်းမ၌လာရောက်တွေ့ဆုံပြီး သင်ကြားပို့ချရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဒုတိယဝန်ကြီးသည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန် Sky Palace ဟိုတယ်၌ ကျင်းပသည့် အင်္ဂလိပ်ဘာသာ ကျွမ်းကျင်မှုစကားပြောသင်တန်းအမှတ်စဉ်(၁)ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)** သင်ကြားပို့ချနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါသင်တန်းသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ သင်တန်းသား သင်တန်းသူ ငါးဦး၊ နေပြည်တော်ဟိုတယ်ဇုန်မှ သင်တန်းသား သင်တန်းသူ ၂၅ ဦး စုစုပေါင်း ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၁-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဇောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**အစွန်းနှစ်ဖက်သို့ မကပ်ပါမှ** တရားတော် (ဆရာတော် ဦးဃောသိတ)
၆:၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၇၉)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှန်ရာ** (အပိုင်း-၃၂)
၈:၄၅	Show Room (ဟာသဇာတ်လမ်းတွဲ)(အပိုင်း-၂၀)
၈:၅၀	လူရွှင်တော် 5 Star အငြိမ့် (အပိုင်း-၁)
၉:၃၅	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀:၀၀	ဓမ္မရံသီ ဘဏ်ရောင်ခြည် အိမ်တော်ရာ မြတ်စေတီ
၁၀:၀၅	သမိုင်းတွင်မည့် မြန်မာနိုင်ငံလုံးဆိုင်ရာပန်းချီပြပွဲ
၁၀:၄၀	သွားမယ် စားမယ် (Park Royal)
၁၁:၁၀	စာအုပ်စာပေလှုမိတ်ဆွေ (လက္ခဏာပညာဖြင့် ထမင်းအိုးတည်ပေးပါရစေ)
၁၁:၂၀	ရန်ကုန်စက်မှုတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ ပုလဲရတု မြတ်ဆရာပူဇော်ပွဲ (၁၉၇၅-၈၁)
၁၁:၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၁၇)
၁၂:၂၅	Activities in the City စနေမောင်မယ် သွေးလှူရှင်များ အသင်း၏ စုပေါင်းသွေးလှူဒါန်းပွဲ
၁၂:၄၀	လင်းလက်ကြယ်ပွင့်တို့နှင့် ယနေ့ကျန်းမာရေး (အပိုင်း-၂) ပါမောက္ခ ဒေါက်တာ ချယ်ရီ သန်းသန်းတင်၊ တင်မိုးလွင်၊ ဝတ်မှုန်ရွှေရည်၊ စိုးပြည့်သဇင်၊ဂျင်းနီ
၁:၀၀	**အစွန်းနှစ်ဖက်သို့ မကပ်ပါမှ** တရားတော် (ဆရာတော် ဦးဃောသိတ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှန်ရာ** (အပိုင်း-၃၂)
၃:၀၅	ရိုးရာမပျက် ဆင်ယင်နွဲ့ အရှေ့ပိုင်းရှမ်းရဲ့ ဗုဒ္ဓပူဇနိယပွဲ (အပိုင်း-၁)
၃:၃၀	**MNL (Yangon United FC Vs Zeyar Shwe Myay FC) Live**
၅:၃၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၁၈)
၆:၀၀	MRTV -4 သတင်း
၆:၁၅	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၈၀)
၇:၁၅	လူရွှင်တော်5 Starအငြိမ့် (အပိုင်း-၂)
၈:၀၀	MRTV-4 သတင်း
၈:၃၀	Road To Four Flavours Show
၈:၄၀	ဂဏန်းသင်္ချာပျော်စရာ
၉:၁၅	Fashion Week တော်ဝင်သူ (အပိုင်း-၄)
၉:၂၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှန်ရာ**(အပိုင်း-၃၃)
၁၀:၁၀	နည်းပညာသစ်များနှင့် ရှင်သန်နေတဲ့ VFRDC
၁၀:၂၅	Kid' s Show
၁၀:၅၅	Movie Talk [ရုပ်ရှင်ထူးချွန်ဆုသမိုင်း] (ဒါရိုက်တာ-ကြည်စိုးထွန်း) (အပိုင်း-၂)
၁၁:၁၅	VJ Choice
၁၁:၄၀	Sewing Mall Shinsung (ရွှေပေါက်ကံစက်မှုဇုန်)
၁၁:၅၅	ဟိုတယ်လမ်းညွှန် (Ocean Paradise Resort, Ngwe Saung Beach)
၁၂:၃၀	သူတို့ပြောတဲ့ သူတို့အကြောင်း ဦးနန်းဝင်း (အပိုင်း-၁)
၁:၀၀	မမေ့နိုင်ပါပြီ… ကမ္ဘောဇအလှဌာနီ
၁:၂၀	World of Knowledge (Cave Rescue)
၂:၀၅	Regional Handicratts
၂:၅၀	မုံရွာမြို့သို့အလည်တစ်ခေါက်
၃:၁၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၁၀	ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) ၏ မသန်စွမ်းသူများအတွက် Barrier Free
၄:၃၅	ပတ္တမြားမြေမှ ကြည်ညိုသပ္ပာယ် ဖွယ်ရာ တန်ခိုးကြီးစေတီများ
၄:၄၅	ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟု ထင်ပေါ် မန္တလေးမြို့က ကျောက်စာတော်စေတီတော်

စာအုပ်စာပေ လှူမိတ်ဆွေ

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၀၀	Birmingham City- Wolves	(Star Sports)
၉:၂၅	Macclesfield Town- Bolton	(Star Sports)
၉:၂၅	Fleetwood Town - Blackpool	(ESPN)
၁၁:၂၅	Bristol Roves - Aston Villa	(Star Sports)

ကျောင်းကျန်းမာရေး ပညာပေးဟောပြော လက်သန့်ရှင်းရေးသရုပ်ပြ

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ကျောင်းကျန်းမာရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် သန့်ရှင်းရေးသုံးပစ္စည်းများနှင့် အလှူငွေများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ရင်ရင်လှထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၆

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ကျောင်းကျန်းမာရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် ကျန်းမာရေးဟောပြောခြင်းနှင့် သန့်ရှင်းရေးသုံးပစ္စည်းများ၊ အလှူငွေများပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ပုရွက်ဆိတ်ကုန်းကျေးရွာအုပ်စု သစ်လေးလုံးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်က အမှာစကားပြောကြားပြီး ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် သန့်ရှင်းရေးသုံးပစ္စည်းများနှင့် အလှူငွေကျပ်ငါးသိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ရင်ရင်လှထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ လက်ထောက်ဆရာဝန်များက ကျောင်းကျန်းမာရေးဆိုင်ရာများ ပညာပေးဟောပြောကြပြီး လက်သန့်ရှင်းရေး သရုပ်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှစ်သစ်ကိုကြို နှစ်ဟောင်းကိုနှုတ်ဆက်ရင်း နှစ်ဦးအောင်ပန်းကို ဆင်မြန်းပေးနိုင်ခဲ့သည့် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကြီး

➤ သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - ရန်ကြီးအောင် ➤

နေပြည်တော် ဇန်နဝါရီ ၆

၂၀၁၁ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကြီးကား အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပေပြီ။ နေပြည်တော်တွင် ပဉ္စမအကြိမ်အဖြစ် ကျင်းပသည့် အဆိုပါ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကြီးကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်မှ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၃ ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမကြီး၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။ ပြပွဲကြီးတွင် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများကို ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များက အပြိုင်အဆိုင်ကြိုက်ဈေးပေး၍ ဝယ်ယူခဲ့ကြသည်ကို တွေ့ရသည်။

၁၀ ရက်ကြာ ကျင်းပခဲ့သည့် အဆိုပါပြပွဲသို့ နိုင်ငံ (၆)နိုင်ငံမှ ရတနာကုန်သည် ၁၆၅၅ ဦးနှင့် ပြည်တွင်းရတနာကုန်သည် ၃၈၉၃ ဦး၊ စုစုပေါင်း ရတနာကုန်သည် ၅၅၄၈ ဦး တက်ရောက်ခဲ့ကြသည်။ ပြပွဲတွင် ပုလဲအတွဲများကို ဒီဇင်ဘာ ၂၄ ရက်နှင့် ၂၆ ရက်တို့တွင် လည်းကောင်း၊ ကျောက်မျက်ရတနာ အတွဲများကို ဒီဇင်ဘာ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင်လည်းကောင်း၊ ကျောက်စိမ်းအတွဲများကို ဒီဇင်ဘာ ၂၇ ရက်မှ ဇန်နဝါရီ ၃ ရက်အထိလည်းကောင်း တင်ဒါစနစ်နှင့် ဈေးပြိုင်စနစ်တို့ဖြင့် ပြသရောင်းချပေးခဲ့သည်။

တင်ဒါစနစ်

ပုလဲရောင်းချပွဲတွင် တင်ဒါစနစ်ဖြင့် ပုလဲအတွဲပေါင်း (၂၂၄)တွဲနှင့် ဈေးပြိုင်စနစ်ဖြင့် (၄၃) တွဲ၊ စုစုပေါင်း (၂၆၇)တွဲကို ပြသရောင်းချပေးခဲ့သည်။ ယင်းရောင်းချပွဲသို့ ပြည်တွင်းပုလဲကုန်သည် ၂၄ ဦးနှင့် ပြည်ပပုလဲကုန်သည် ၁၃ဦး၊ စုစုပေါင်း ၃၇ဦးတို့ တက်ရောက်ကြပြီး တင်ဒါစနစ်ဖြင့် (၁၇၃)တွဲနှင့် ဈေးပြိုင်စနစ်ဖြင့် အတွဲ (၄၀)၊ စုစုပေါင်း (၂၁၃) တွဲကို အပြိုင်အဆိုင်ဈေးပေး၍ ဝယ်ယူခဲ့ကြသည်။ ပုလဲရောင်းချပွဲတွင် တန်ဖိုးအများဆုံးပေး၍ ဝယ်ယူသူဆုကို ပြည်တွင်းကုန်သည်တစ်ဦး ဖြစ်သည့် စိန်ပုလဲရတနာဆိုင်မှ ဒေါ်အေးအေးမွန်က ရရှိခဲ့သည်။

ကျောက်မျက်ရတနာရောင်းချပွဲတွင် တင်ဒါစနစ်ဖြင့် (၁၇၆) တွဲ၊ ဈေးပြိုင်စနစ်ဖြင့် (၅၄)တွဲ၊ စုစုပေါင်းအတွဲ (၂၃၀)ကို ပြသရောင်းချပေးခဲ့သည်။ ပြပွဲသို့ ထိုင်းနိုင်ငံမှ ရတနာကုန်သည် ၂၃ ဦး၊ တရုတ်နိုင်ငံမှ တစ်ဦးနှင့် ပြည်တွင်းကျောက်မျက်လုပ်ငန်းရှင် ၃၃ ဦးတို့ တက်ရောက်ဝယ်ယူခဲ့ကြသည်။

ကျောက်မျက်လုပ်ငန်းကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းသန်းတင်က ကျောက်မျက်ရောင်းချရမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် “ဒီဇင်ဘာ ၂၄ ရက်နေ့မှာ ကျောက်မျက်အတွဲတွေကို ကုန်သည်တွေ ကြည့်ရှုလေ့လာရွေးချယ်နိုင်အောင် ပြသပေးပါတယ်။ ဒီဇင်ဘာ ၂၆ ရက်နေ့မှာ တင်ဒါစနစ်ရော၊ ဈေးပြိုင်စနစ်နဲ့ပါ တစ်နေ့တည်းအပြီး ရောင်းချပေးခဲ့ပါတယ်။ တင်ဒါစနစ်နဲ့ (၁၆)တွဲ၊ ဈေးပြိုင်စနစ်နဲ့ (၂၃)တွဲ၊ စုစုပေါင်း (၃၉)တွဲ ရောင်းချပေးနိုင်ခဲ့ပါတယ်။ ဒီဇင်ဘာ ၂၇ ရက်မှာတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးဦးပိုင်လီမိတက်ရဲ့ ကျောက်မျက်တွေကို ရောင်းချပေးခဲ့ပါတယ်” ဟု ပြောကြားသည်။

ရောင်းချပေးခဲ့ရသည့် ကျောက်မျက်ရတနာများမှာ မိုးကုတ်ကျောက်မျက်မျိုးစုံ အတွဲ (၂၀)၊ မိုင်းရှူးပတ္တမြားရိုင်း (၁၇)တွဲနှင့် နန့်ယားပတ္တမြားရိုင်း (၂)တွဲ၊ စုစုပေါင်း (၃၉)တွဲဖြစ်သည်။

နေပြည်တော်တွင် ကျင်းပခဲ့သည့် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်မျက်ရတနာများကို ရောင်းချပေးခဲ့ရာ၌ တင်ဒါစနစ်ဖြင့် (၈)တွဲ၊ ဈေးပြိုင်စနစ်ဖြင့် (၂၂) တွဲ၊ စုစုပေါင်းအတွဲ (၃၀)၊ ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲ၌ တင်ဒါစနစ်နှင့် ဈေးပြိုင်စနစ်တို့ဖြင့် (၁၉) တွဲစီ၊ စုစုပေါင်း (၃၈)တွဲကို ရောင်းချပေးနိုင်ခဲ့သည်။ ယခု ကျင်းပသည့်ပြပွဲက ယခင်ပြပွဲများကထက် ကျောက်မျက်အတွဲ ပိုမိုရောင်းချရသည်ကိုတွေ့ရသည်။ ကျောက်မျက်ရတနာအများဆုံး ဝယ်ယူသူဆုကို ကျောက်စိမ်းနဂါးကုမ္ပဏီမှ ဦးခင်ဇော်က ရရှိခဲ့သည်။ ယခုပြပွဲတွင် ကျောက်မျက်ရတနာ အရိုင်းများကိုသာမက အချောထည်လက်ဝတ်ရတနာများကိုလည်း ပြသရောင်းချပေးခဲ့သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် စီးပွားရေးဦးပိုင်လီမိတက်က တင်ဒါစနစ်ဖြင့် (၁၆၃)တွဲ၊ ဈေးပြိုင်စနစ်ဖြင့် (၅)တွဲ၊ စုစုပေါင်း ကျောက်မျက် (၁၆၈)တွဲကို မြန်မာကျပ်ငွေဖြင့် ရောင်းချပေးခဲ့ရာ ပြည်တွင်းရတနာကုန်သည်များက တင်ဒါစနစ်ဖြင့် (၁၄၉)တွဲ၊ ဈေးပြိုင်စနစ်ဖြင့် (၄)တွဲ၊ စုစုပေါင်း (၁၅၃)တွဲကို ဝယ်ယူခဲ့ကြကြောင်း သိရှိရသည်။

မဏိရတနာကျောက်စိမ်းခန်းမရှိ ကျောက်မျက်ရတနာအရောင်းဆိုင်တစ်ခုတွင် စိတ်ဝင်တစားဝယ်ယူနေသူများ။

ပုလဲနှင့် ကျောက်မျက်ရောင်းချပွဲများကို မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်ရတနာဈေးအထပ်တွင် ပြသရောင်းချပေးခဲ့ခြင်းဖြစ်သည်။

ကျောက်စိမ်းရောင်းချပွဲကိုမူ မဏိရတနာကျောက်စိမ်းခန်းမရှိ ပြပွဲခန်းမတွင် ပြသရောင်းချပေးခဲ့သည်။ ရောင်းချပေးမည့် ကျောက်စိမ်းအတွဲများကို မဏိရတနာကျောက်စိမ်းခန်းမဝင်းအတွင်းနှင့် ကျောက်စိမ်းခန်းမတို့တွင် ဇရိယာအလိုက် ခင်းကျင်းပြသထားရာ ဒီဇင်ဘာ ၂၂ ရက်မှ စတင်၍ ရတနာကုန်သည်များက ကျောက်စိမ်းအတွဲများအား စိတ်ဝင်တစား ကြည့်ရှုရွေးချယ် မှတ်သားကြပြီး တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းအဆိုပြုလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ဒီဇင်ဘာ၂၇ ရက်မှ ၃၀ ရက်အထိ ကျောက်စိမ်းအတွဲပေါင်း (၁၁၅၉၂)တွဲကို တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ပြည်တွင်း ပြည်ပ ရတနာကုန်သည်များက အတွဲပေါင်း (၈၂၀၁)တွဲကို အမြင့်ဆုံးဈေးနှုန်းပေး၍ ဝယ်ယူခဲ့ကြသည်။ ဇန်နဝါရီ ၁ ရက်မှ ၃ ရက်အထိ ကျောက်စိမ်း အတွဲပေါင်း (၂၂၉)တွဲကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချပေးခဲ့ရာတွင်လည်း (၈၉)တွဲ ရောင်းချနိုင်ခဲ့သည်။ ထို့ကြောင့် ယခုပြပွဲတွင် ကျောက်စိမ်းအတွဲစုစုပေါင်း (၈၂၉၀)ကို ရတနာကုန်သည်များက ဝယ်ယူခဲ့ကြသည်။ ရာခိုင်နှုန်းအားဖြင့် တင်ဒါစနစ်တွင် ၇၀ ဒသမ ၇၅ ရာခိုင်နှုန်း၊ ဈေးပြိုင်စနစ်တွင် ၃၈ ဒသမ ၈၇ ရာခိုင်နှုန်း ရောင်းချနိုင်ခဲ့ခြင်းဖြစ်သည်။ ကျောက်စိမ်းအတွဲ အများဆုံးဝယ်ယူသူဆုကို ဟောင်ကောင် အထူးအုပ်ချုပ်ရေးဒေသမှ Mr. Lin Xinbin က ရရှိခဲ့သည်။

ထို့ပြင် ကျောက်စိမ်းအချောထည်များကိုလည်း ယခုပွဲတွင် စတင်ပြသရောင်းချပေးခဲ့ရာ လက်ကောက် ၅၈၇၀၀ ကွင်း အပါအဝင် ပုတီးစေ့၊ လက်စွပ်၊ နားကပ် စသည့် ရတနာပစ္စည်းများတွင် အဆင်သင့်တပ်ဆင်ဝတ်ဆင်နိုင်သည့် လုံးချောစေ့များ၊ လွှာချပ်များ၊ ရုပ်တု၊ ရုပ်ထွင်း စသည့် အချောထည် အများအပြား ရောင်းချခဲ့ရကြောင်း သိရှိရသည်။

ဈေးပြိုင်စနစ်

ကျောက်စိမ်းလုပ်ငန်းကော်မတီ အတွင်းရေးမှူးဖြစ်သူ ဦးဖေခင်က “ယခုပြပွဲမှာ တက်ရောက်လာတဲ့ ကုန်သည်အရေအတွက် နည်းပေမယ့် အရင်ပြပွဲများအတိုင်း အပြိုင်အဆိုင် ဈေးပေးဝယ်ယူကြလို့ ရောင်းရတဲ့ရာနှုန်း လျော့နည်းမသွားပါဘူး။ ဒါ့အပြင် တင်ဒါစနစ်မှာရော၊ ဈေးပြိုင်စနစ်မှာပါ အခြေခံဈေးတွေ တိုးမြှင့်ထားတဲ့အတွက် ကျောက်စိမ်းအတွဲတွေကို ထိုက်တန်တဲ့ဈေးနှုန်းနဲ့ ရောင်းချနိုင်ခဲ့ပါတယ်” ဟု ကျောက်စိမ်းရောင်းချရမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့အပြင် မန္တလေးမြို့တွင် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ အချောထည်လုပ်ငန်း One Stop Service Center ကို ဖွင့်လှစ်ထားပြီး ဖြစ်သည့်အတွက် ရတနာအချောထည်များ ပြုလုပ်ရန် ကုန်ကြမ်းလိုအပ်လာခဲ့ရာ ပြည်တွင်းကုန်သည်များကလည်း ပြည်ပကုန်သည်များနှင့်အပြိုင် ဈေးပေးဝယ်ယူလာကြကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

ပြပွဲကြီးနှင့်အတူ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်း၏စီစဉ်မှုဖြင့် ပြပွဲခန်းမအတွင်း၌ ကျောက်မျက်ရတနာအရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ရောင်းချခွင့်ပေးခဲ့ပြီး စားသောက်ဆိုင်များကိုလည်း ဖွင့်လှစ်ပေးခဲ့ရာ ပြပွဲလာ ရတနာကုန်သည်များ လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်ကြသည်ကို တွေ့ရသည်။ ကျောက်မျက်ရတနာများရောင်းချရမှုနှင့်ပတ်သက်၍ အရောင်းဆိုင်ရှင်တစ်ဦးဖြစ်သူ ဦးမောင်မောင်ဆန်းက “ယခုပြပွဲမှာလည်း ယခင်ပြပွဲများနည်းတူ လက်ဝတ်ရတနာတွေကို စိတ်ဝင်တစား လာရောက်ဝယ်ယူကြပါတယ်၊ အထူးသဖြင့် တရုတ်ကုန်သည်တွေသာမက ဗီယက်နမ်ကုန်သည်တွေကလည်း မြန်မာ့ကျောက်စိမ်းကို နှစ်သက်လာပြီး ကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်နဲ့ ရုပ်တုတွေကို အားတက်သရောဝယ်ယူလာတာကို တွေ့ရပါတယ်”ဟု ရှင်းပြသည်။ ကျောက်မျက်အချောထည်များကို ပြည်ပရတနာကုန်သည်များ နှစ်သက်လက်ခံလာကြသဖြင့် နေပြည်တော်၌ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာအချောထည်လုပ်ငန်း One Stop Service Centerကို ဖွင့်လှစ်ပါက ဝင်ရောက်လုပ်ကိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် မြန်မာ့ကျောက်မျက်ရတနာဈေးကွက်ကို မြန်မာ့မြေမှာပင် အစဉ်ရှင်သန်ဖြစ်ထွန်းနေစေရေးအတွက် ကျောက်မျက်ရတနာပြပွဲများ၊ အထူးရောင်းချပွဲများကို တစ်ပွဲထက်တစ်ပွဲ ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ကြိုးပမ်း ဆောင်ရွက်မှုကြောင့်ပင် ကျောက်မျက်ရတနာ ပြပွဲများကို တစ်နှစ်လျှင်သုံးကြိမ် ကျင်းပပေးနိုင်ခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံ၏ အချက်အချာကျသော မြို့တော်နေပြည်တော်၌ ပြပွဲများကို အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ရာ ယခင် ရတနာပြပွဲများကထက် ပိုမိုစည်ကားလာခဲ့ပြီး ကျောက်မျက်ရတနာများကိုလည်း ထိုက်သင့်သည့်ဈေးနှုန်းဖြင့် ပိုမိုတိုးမြှင့်ရောင်းချနိုင်ခဲ့သည်။

ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချပေးနေစဉ်။

ထို့အတူ ကျောက်စိမ်းနှင့် ကျောက်မျက် အချောထည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ကျောက်စိမ်းနှင့် ကျောက်မျက်အချောထည်များကို ထိုက်သင့်သည့် အခွန်ငွေ ကောက်ခံပြီး ပြည်ပနိုင်ငံများသို့ ကုန်းကြောင်း၊ ရေကြောင်းနှင့် လေကြောင်းခရီးတို့ဖြင့် လွယ်ကူချောမွေ့စွာ ပို့ဆောင်နိုင်ရန် One Stop Service Center များကို နေပြည်တော်၊ မန္တလေးနှင့် ရန်ကုန်မြို့တို့တွင် ဖွင့်လှစ်ရန် ဆောင်ရွက်နေရာ ယခုအခါ မန္တလေးမြို့၌ နိုဝင်ဘာ ၈ ရက်တွင် စတင်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

မန္တလေးမြို့ဝန်းကျင်တွင် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာအချောထည်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူ လေးသိန်းခန့်ရှိသည်။ မန္တလေးနှင့် စစ်ကိုင်းမြို့များတွင် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာများ၊ အင်ကြင်းကျောက်၊ သလင်းကျောက် စသည်တို့ဖြင့် ပြုလုပ်သည့် ကျောက်စိမ်းလက်ကောက်၊ ပုတီးစေ့၊ လွှာချပ်၊ ရုပ်တု၊ ရုပ်ထွင်း စသည့် အချောထည်ပြုလုပ်ခြင်းလုပ်ငန်းများ အောင်မြင်ထွန်းကားလျက် ရှိသည်။ ထွက်ရှိလာသည့် ကျောက်စိမ်းနှင့် ကျောက်မျက် အချောထည်များကို ပြည်ပသို့ တရားဝင်တင်ပို့နိုင်ရန်အတွက် မန္တလေးမြို့ရှိ အမှတ် ၂၂၄ ၃၄ လမ်း ၈၄×၈၅ လမ်းကြားတွင် ဖွင့်လှစ်ထားသည့် One Stop Service Centerတွင် အခွန်ပေးဆောင်စေပြီး မူဆယ် (၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်သို့ တင်ပို့ရောင်းချလျက်ရှိရာ ကျောက်စိမ်းလက်ကောက် ငါးသိန်းခန့်၊ ပုတီးစေ့၊ လွှာချပ်နှင့် ကျောက်စိမ်းဝါရှာပြား ၁၂၀ တန်ခန့် ရောင်းချနိုင်ခဲ့ပြီးဖြစ်ကြောင်း မေးမြန်းသိရှိရသည်။ တစ်နေ့လျှင် ကုန်သေတ္တာတင်ယာဉ်တစ်စီးနှုန်း ပို့ဆောင်ပေးနေရကြောင်းဖြင့်လည်း အဆိုပါလုပ်ငန်းကို လုပ်ကိုင်နေသူတစ်ဦးက ပြောကြားသည်။

ထိုသို့ ကျောက်စိမ်းနှင့် ကျောက်မျက်အချောထည်လုပ်ငန်း ပိုမိုအောင်မြင်လာသည်နှင့်အမျှ ကုန်ကြမ်းရရှိနိုင်သည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲများသည်လည်း ယခင်ကထက် ရောင်းချရမှုအရေအတွက် ပိုမိုများပြားလာပြီး ဈေးနှုန်းလည်း ပိုမိုတိုးတက်မြင့်မား ရရှိလာနိုင်ဖွယ်ရှိသည်။ ယခုကျင်းပခဲ့သည့် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင်လည်း ကုန်ကြမ်းလိုအပ်ချက်အရ ပြည်တွင်း ရတနာကုန်သည်များက ပြည်ပရတနာကုန်သည်များနှင့်အပြိုင် ဈေးပေး၍ ပိုမိုဝယ်ယူခဲ့ကြသည်ကို တွေ့ရသည်။

အချုပ်ဆိုရလျှင် ၂၀၁၁ ခုနှစ်အကုန် ၂၀၁၂ ခုနှစ်အကူးတွင်ကျင်းပခဲ့သည့် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကြီးသည်ကား အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပေပြီ။ နှစ်သစ်ကိုကြိုဆို၍ နှစ်ဟောင်းကိုလည်း လက်ပြနှုတ်ဆက်ခဲ့သည်။ ၂၀၁၁ ခုနှစ်သည် မြန်မာနိုင်ငံအတွက် အလွန်ထူးခြားလေးနက်ပြီး အနှစ်သာရပြည့်ဝသည့် နှစ်တစ်နှစ်ဖြစ်ခဲ့သည်။ တည်ငြိမ်ညင်သာချောမွေ့စွာဖြင့် နိုင်ငံရေးစနစ်ကို အသွင်ကူးပြောင်းနိုင်ခဲ့သည်။ နိုင်ငံတကာ ဆက်ဆံရေးကဏ္ဍကို တိုးမြှင့်နိုင်ခဲ့သည်။ နိုင်ငံတည်ငြိမ်အေးချမ်းမှုနှင့် စည်းလုံးညီညွတ်မှု ပိုမိုတိုးတက်ခိုင်မာလာခဲ့သည်။ နိုင်ငံရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှု အလားအလာကောင်းများကိုလည်း ဖော်ဆောင်နိုင်ခဲ့သည်။ ယင်းသို့သော အောင်မြင်မှုများစွာကို ထွေးပိုက်၍ ၂၀၁၂ ခုနှစ်အတွင်းသို့ ချင်းနင်းဝင်ရောက်လာနိုင်ခဲ့ပေပြီ။ ယခုနှစ်တွင်လည်း ဆတက်ထမ်းပိုး တိုးတက်အောင်မြင်မှုများကို ဆောင်ကြဉ်းနိုင်ပေလိမ့်ဦးမည်။ ရရှိလာမည့် အောင်မြင်ဖြစ်ထွန်းမှုများစွာအနက် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းသည်ကား အမိမြန်မာနိုင်ငံအတွက် ၂၀၁၂ ခုနှစ်၏ နှစ်ဦးအောင်ပန်းကို ဆွတ်ခူးဆင်မြန်းပေးနိုင်ခဲ့ခြင်းပင် ဖြစ်ပေတော့သည်။ ။

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက် (အဖိတ်နေ့)

၇-၁-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၇:၅၅ ၇။ သုတရောင်စုံပန်းခင်း
၈:၀၀ ၈။ ကဗျာပန်းဥယျာဉ်
၈:၁၅ ၉။ တေးဂီတအစီအစဉ်
၈:၂၅ ၁၀။ မူဆယ်တစ်ဝန်းဆီ ရွှေဖြူလွှမ်းတော့မည်
၈:၃၅ ၁၁။ **International News**
၈:၄၀ ၁၂။ **Local Talent**
၈:၅၀ ၁၃။ **၂၀၁၁ ကမ္ဘာ့အားကစားပုံရိပ်များ** (အပိုင်း-၂)

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃:၃၀ ၅။ နူတ်မြိန်ဖွယ်ရာချစ်ဟင်းလျာ
၁၃:၄၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရဲစုံထောက်ဘတ်ကျောင်ဌာန်း** (အပိုင်း-၃၈)
၁၄:၃၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄:၄၀ ၈။ အတီးပြိုင်ပွဲ
၁၄:၅၀ ၉။ **International News**

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၀၅ ၂။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၄:၁၅ ၃။ တေးဂီတအစီအစဉ်
၄:၂၅ ၄။ တောမြိုင်စွန်းမှ လွှမ်းမျက်ရည်
၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၀၅ ၇။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းကြီး ဖျော်ဖြေတင်ဆက်မှုအစီအစဉ်
၅:၂၀ ၈။ **International Science News**
၅:၃၀ ၉။ သက်တံရောင်သံစဉ်
၅:၄၅ ၁၀။ လှပစုံလင်အာဆီယံတစ်ခွင်
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၃။ အလှရှာမယ် လှကမ္ဘာဝယ်
၆:၃၅ ၁၄။ တေးဂီတအစီအစဉ်
၇:၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ချိုချိုကြင်နာပို** (အပိုင်း-၃)
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ) (အပိုင်း-၈၀)
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကြယ်ပွင့်ကလေးရဲ့ဒဏ္ဍာရီ** (အပိုင်း-၃)
၂၁။ ဂီတတံခါးလေးဖွင့်ပါဦး
၂၂။ အစီအစဉ်ပြီး၏။

စက်အားခွဲရုံများနှင့် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၆

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဇန်နဝါရီ ၁ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုင်းထွန်းရင်နှင့်အတူ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနက တာဝန်ယူတည်ဆောက်လျက်ရှိသည့် (၆၆/၁၁)ကေဗွီ (၅) အမ်ဗွီအေ နောင်ကုလားဓာတ်အားခွဲရုံနှင့် (၆၆)ကေဗွီ အောင်သပြေ-နောင်ကုလား ဓာတ်အားလိုင်း (၁၆ ဒသမ ၉၃)မိုင် တည်ဆောက်ရေးလုပ်ငန်းများကို လည်းကောင်း၊ တောင်ကြီးမြို့ အမှတ်(၃) ဓာတ်အားခွဲရုံ၌ ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးထားရှိမှုနှင့် ဓာတ်အားသုံးစွဲမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့ အရှေ့ဘက်၌ အသစ်တည်ဆောက်မည့် (၁၃၂/၆၆/၁၁)ကေဗွီ၊ (၆၀)အမ်ဗွီအေ ဓာတ်အားခွဲရုံနေရာကို ကြည့်ရှုစစ်ဆေးပြီး ယခုပွင့်လင်းရာသီတွင် မြေပြုပြင်ခြင်းလုပ်ငန်း၊ ဓာတ်အားခွဲရုံ Control Building နှင့် Switch Yard တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြရန်၊ အရည်အသွေးကောင်းမွန်သည့် ပစ္စည်းများကိုသာ စနစ်တကျရွေးချယ်အသုံးပြု၍ ရေရှည်ခိုင်ခံ့အောင် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးသို့သွားရောက်ပြီး ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာ ပြုပြင်တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ဟဲဟိုးမြို့နယ် လျှပ်စစ်မှူးရုံးကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆွမ်းလောင်းအောင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

(၁၉)ကြိမ်မြောက် ဆွမ်းလောင်းအောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက်က ဒေါပုံမြို့နယ် ဇေယျာသီရိရပ်ကွက်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝေဇင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမှတ်တင်နှင့် ဆွမ်းအောင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းထွန်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။ **(ဝ၅၁)**

စဉ့်ကိုင်မြို့ ကြက်လျှာကျေးရွာ၌ မူလတန်းကျောင်းဆောင်သစ်ဖွင့်

စဉ့်ကိုင် ဇန်နဝါရီ ၆

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ် ကြက်လျှာကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီ က အဆိုပါကျောင်းဆောင်ရှေ့၌ကျင်းပရာ စဉ့်ကိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်ပြုံး၊ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် မဲဆန္ဒနယ်မြေ (၂)လွှတ်တော်ကိုယ်စားလှယ် ဦးစိန်သောင်း၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးတင့်လွင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ခင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ **(အပေါ်ပုံ)** **(၁၆၀)**

ဒုတိယအကြိမ် ချေးငွေပေးအပ်

ကျိုက်ထို ဇန်နဝါရီ ၆

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် ကျိုက်ထိုမြို့နယ် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းက ဦးဆောင်၍ တောင်ထန်းစိုက်ပျိုးထုတ်လုပ်ရေးအသင်းကို ဖွဲ့စည်းကာ မြို့နယ်ကော်မတီ၏ကြီးကြပ်မှုဖြင့် ချေးငွေများ ထုတ်ချေးပေးလျက်ရှိသည်။ အဆိုပါချေးငွေထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီက ကျိုက်ထိုမြို့နယ် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းရုံးတွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်သက်မောင်နှင့် တာဝန်ရှိသူများက အသင်းသား ၉၁ ဦးတို့အား ငွေကျပ် သိန်း ၁၂၀ ထုတ်ချေးခဲ့ပြီး ယနေ့အထိ အသင်းမှ ထုတ်ချေးငွေစုစုပေါင်းမှာ ၆၀၈ ဒသမ ၅ သိန်းဖြစ်ကြောင်း သိရှိရသည်။

(အပေါ်ယာပုံ)(မြို့နယ် ပြန်/ဆက်)

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

ပဲခူး ဇန်နဝါရီ ၆

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေး ပညာပေးဟောပြောခြင်းနှင့် မီးသတ်သရုပ်ပြလေ့ကျင့်ခြင်း အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် အမှတ်(၃၈) သစ်စက် ဘုရားကလေးမြို့၌ ဒီဇင်ဘာ ၁၄ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့သစ်လုပ်ငန်း ပြည်တွင်း ရောင်း/စက်ရုံ တောင်ငူဒေသ မန်နေဂျာ ဦးလှဌေးနှင့် လက်ထောက်မန်နေဂျာ (စက်ရုံမှူး) ဦးအောင်ဆန်းမြင့်တို့က လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ဆွေးနွေးကြသည်။

သရုပ်ပြလေ့ကျင့်

ဆက်လက်၍ ခရိုင်မီးသတ်ဦးစီးမှူး ဦးအေးလွင်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပြီး မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြုနည်းနှင့် မီးသတ်ရေသယ်ယာဉ်၊ မီးသတ်ကားများဖြင့် လက်တွေ့မီးငြိမ်းသတ်မှုကို စက်ရုံမီးသတ်တပ်ဖွဲ့နှင့် ဝန်ထမ်းများက သရုပ်ပြလေ့ကျင့်ခဲ့ကြကြောင်း သိရှိရသည်။

(ဝဲပုံ) (မြို့နယ် ပြန်/ဆက်)

ဆင်းရဲခြင်းလွတ်ကင်းအောင် လမ်းပြဆောင်နေသည်

သတင်းမှတ်စု-ကိုတင်လှိုင်(မိတ္ထီလာ)
ဓာတ်ပုံ-ကိုသန့်စင်(ထီလာမြေ)

မြန်မာနိုင်ငံ အစိုးရသစ်လက်ထက်တွင် ဆင်းရဲသော အခြေခံလူတန်းစားများ၏ လူမှုစီးပွားဘဝမြှင့်တင်နိုင်ရန်အတွက် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ် (၈)ရပ်အနက် တစ်ခုအပါအဝင်ဖြစ်သော အသေးစားငွေကြေး ဝန်ဆောင်မှုအစီအစဉ်ကို ချမှတ်ဖော်ဆောင်လျက်ရှိသည်။ ဆင်းရဲသည့် ခေါင်းရွက်ဗျပ်ထိုး ပုံကျဈေးသည်များနှင့် အနေ့ယာဉ်လုပ်သားများ ငွေကြေးအရင်းအနှီးများ ရရှိနိုင်ရေးအတွက် နယ်စပ်ရေးရာ ဝန်ကြီးဌာနအောက်ရှိ မြို့နယ် စည်ပင်သာယာရေး အဖွဲ့များက ငွေချေးလုပ်ငန်းတစ်ရပ်ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဆင်းရဲမှုလျှော့ချရေးအတွက် ပုံကျဈေးသည်များအား ချေးငွေထုတ်ပေးခဲ့ရာ ကချင်ပြည်နယ်မှ ခုနစ်ဖွဲ့ငွေကျပ် ၆၆ ဒသမ ၁၀ သန်း၊ ကယားပြည်နယ်မှတစ်ဖွဲ့ ငွေကျပ် ၅ ဒသမ ၀၀ သန်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ရှစ်ဖွဲ့ ငွေကျပ် ၂၂၂ ဒသမ ၆၈ သန်း၊ မကွေးတိုင်းဒေသကြီးမှ ၂၄ ဖွဲ့ ငွေကျပ်၁၄၈ ဒသမ ၆၀ သန်း၊ မန္တလေးတိုင်းဒေသကြီးမှ ၂၂ ဖွဲ့ ငွေကျပ် ၁၅၈ ဒသမ ၂၄ သန်း၊ ရှမ်းပြည်နယ်မှ ၂၉ ဖွဲ့ ငွေကျပ် ၄၄၂ ဒသမ ၈၉ သန်း၊ ကရင်ပြည်နယ်မှ ငါးဖွဲ့ ငွေကျပ်၂၄ ဒသမ ၄ သန်း၊ တနင်္သာရီတိုင်းဒေသကြီးမှ ငါးဖွဲ့ ငွေကျပ် ၂၅ ဒသမ ၂၀ သန်း၊ ပဲခူးတိုင်းဒေသကြီးမှ ၁၉ ဖွဲ့ ငွေကျပ် ၁၈၅ ဒသမ ၅၅ သန်း၊ မွန်ပြည်နယ်မှ ၁၀ ဖွဲ့ ငွေကျပ် ၁၁၀ ဒသမ ၈၂ သန်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ၁၁ ဖွဲ့ ငွေကျပ် ၁၁၈ ဒသမ ၅၀ သန်း၊ ရခိုင်ပြည်နယ်မှ ၁၂ ဖွဲ့ ငွေကျပ် ၄၁ ဒသမ ၉၀ သန်းနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ၂၆ ဖွဲ့ ငွေကျပ် ၁၈၇ ဒသမ ၃၀ သန်း စုစုပေါင်း ၁၇၉ ဖွဲ့တို့အား ငွေကျပ် ၁၇၃၇ ဒသမ ၁၈ သန်း ထုတ်ချေးပေးထားကြောင်း သိရှိရသည်။

မန္တလေးတိုင်းဒေသကြီးတွင်ပါဝင်သည့် ကျောက်ဆည်မြို့နယ်မှ မြို့မဈေးနှင့် အေးမြကြည်လင်ဈေးမှ ပုံကျခေါင်းရွက်ဗျပ်ထိုးဈေးသည် ၃၅ ဦး၊ ကျောက်ပန်းတောင်းမြို့မဈေးမှ ၈၅ဦး၊ ငါန်းဇွန်မြို့မဈေးမှ ၂၅ ဦး၊ စဉ့်ကူးမြို့မ၊ လက်ပန်လှ၊ ရွှေပြည်ကျည်တောက်ပေါက်ဈေးမှ ၂၆၀ ၊ စဉ့်ကိုင်မြို့မဈေးနှင့် ပလိပ်ဈေးမှ ၄၈ ဦး၊ ညောင်ဦးမဏိစည်သူဈေးနှင့် ပုဂံဈေးမှ ဈေးသည် ၂၉၇ ဦး၊ တောင်သာမြို့မဈေးမှ ၁၂၆ ဦး၊ တံတားဦးမြို့မပုံကျဈေးမှ ၁၂၇ ဦး၊ နွားထိုးကြီးမြို့မဈေးမှ ၁၂၄ ဦး၊ ပုသိမ်ကြီးအုန်းချောဈေးမှ ၁၂၀၊ ပျော်ဘွယ်မြို့မဈေးမှ ၁၆၈ ဦး၊ ပြင်ဦးလွင်မြို့မဈေးမှ ၂၀၀၊ မလှိုင်မြို့မဈေးမှ ၉၅ ဦး၊ မိုးကုတ်ပတ္တမြားနှင့်နီလာဈေးမှ ၁၀၀၊ မတ္တရာမြို့မဈေးမှ ၁၅၉ ဦး၊ မိတ္ထီလာဈေးကြီး၊ ဗဟိုဈေး၊ ပိတောက်မြိုင်ဈေးမှ ၁၀၀၊ မြင်းခြံမြို့မဈေးနှင့် အေးမြသီတာဈေးမှ ၁၇၉ ဦး၊ မြစ်သားဈေးနှင့်ကူမဲဈေးမှ ၇၅ ဦး၊ ရမည်းသင်းမြို့မဈေးမှ ၂၅၀၊ ဝမ်းတွင်းမြို့မှ ဝမ်းတွင်း၊ သဲတော၊ လျှော်ပင်ဈေးမှ ၁၅၀၊ သာစည် မြို့မဈေးမှ ၁၃၂ ဦးနှင့် သပိတ်ကျင်းမြို့မဈေး၊ သီရိမင်္ဂလာဈေးနှင့် ရွှေတန်းဈေးမှ ၈၀ စုစုပေါင်း ပုံကျခေါင်းရွက်ဗျပ်ထိုး လမ်းဘေးဈေးသည် ၃၀၃၅ ဦးတို့အား ချေးငွေကျပ် ၁၅၈ ဒသမ ၂၄ သန်း ထုတ်ချေးပေးခဲ့သည်။

ဤကဲ့သို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက ဆင်းရဲမှုလျှော့ချရေးအတွက် ဆင်းရဲသည့် ခေါင်းရွက်ဗျပ်ထိုးပုံကျဈေးသည်များနှင့် အနေ့ယာဉ်လုပ်သားများအတွက် မိသားစုစီးပွားရေးလည်ပတ်ကောင်းမွန်စေပြီး ပိုင်ဆိုင်မှုမြင့်မားတိုးတက်လာစေရေး ငွေထုတ်ချေးပေးမှုနှင့် ပုံကျဈေးသည်များ စားဝတ်နေရေး၊ ပညာရေး၊ လူမှုရေးနှင့်ကျန်းမာရေး အခက်အခဲများ မည်မျှအထိ ဖြေရှင်းပေးနိုင်သည်ကို သိရှိနိုင်ရန်အတွက် စာရေးသူတို့က မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့များမှ ခေါင်းရွက်ဗျပ်ထိုး ပုံကျဈေးသည်များထံ ကွင်းဆင်းသတင်းရယူခဲ့သည်။

ရှေးဦးစွာ ကျောက်ဆည်မြို့မဈေးထဲမှ ငွေချေးထားသည့် လိမ္မော်သီးသည် ဦးစိုးအောင်အား မေးမြန်းခဲ့ရာ "လိမ္မော်သီး၊ သံပရာသီးရောင်းဝယ်ခဲ့သည်မှာ နှစ်ပေါင်း ၂၀ ကြာခဲ့ပြီဖြစ်ကြောင်း၊ မိသားစုငါးဦးရှိပြီး လိမ္မော်သီး၊ သံပရာသီး အရင်းအနှီး ငွေကျပ်၁၀ သိန်းကျော် ရင်းနှီးရကြောင်း၊ ယခုကဲ့သို့ချေးငွေ ကျပ်နှစ်သိန်း ထုတ်ပေးခဲ့၍ ကုန်များ ပိုမိုရင်းနှီးနိုင်ပြီး အမြတ်များများကျန်ကြောင်း" ရင်တွင်းခံစားချက်ကို ပြောပြသည်။

ထိုနည်းတူစွာ နွားထိုးကြီးပုံကျဈေးထဲမှ ကြက်သွန်သည် မစန်းစန်းရီကလည်း "စည်ပင်သာယာရေးအဖွဲ့က ပုံကျဈေးသည်များကို ငွေထုတ်ချေးပေးသဖြင့် ဝမ်းသာမိကြောင်း၊ မိမိတစ်သက်တွင် ယခုကဲ့သို့ အတိုးနှုန်းချိုသာစွာဖြင့် ငွေကျပ် ၂၀၀၀၀ ယုံကြည်စွာထုတ်ချေးသည်မှာ ဒီတစ်ခါသာတွေ့ဖူးကြောင်း၊ မိသားစုစားဝတ်နေရေးလည်း ယခင်ကထက်ပိုမိုပြေလည်သွားကြောင်း" မြစ်သားမြို့မှ အနေ့ယာဉ် ဆိုက်ကားသမား ဦးဝင်းမြင့်ကလည်း "ကိုယ်ပိုင်ဆိုက်ကားနင်းလာသည်မှာ သုံးနှစ်ရှိပြီဖြစ်ကြောင်း၊ မိသားစုခုနစ်ဦးရှိကြောင်း၊ ဆိုက်ကားနင်းရငွေတစ်နေ့ ငွေကျပ် ၂၀၀၀ ခန့်ရကြောင်း၊ မိသားစု စားဝတ်နေရေးမပြေလည်ကြောင်း၊ ကျပ်တည်းကြောင်း၊ ယခုကဲ့သို့အဖွဲ့က အနေ့ယာဉ်လုပ်သားအား ချေးငွေကျပ် ၃၀၀၀၀ ချေးသဖြင့် ကျေးဇူးတင်ကြောင်း" ဝမ်းပန်းတသာ ပြောကြားခဲ့သည်။

ပျော်ဘွယ်မြို့မှ အိုးသည် မခင်နှင်းရီကလည်း "အိုးရောင်းလာသည်မှာ အနှစ် ၂၀ ကျော်လာပြီဖြစ်ကြောင်း၊ အရင်းအနှီးအတွက် ငွေတိုးနှင့် ချေးရကြောင်း၊ ငွေတိုးမှာ ကျပ်တစ်ရာလျှင် ကျပ် ၂၀ နှုန်းပေးရကြောင်း၊ ယခုကဲ့သို့ အတိုးနှုန်းချိုသာစွာ တစ်ရာ နှစ်ကျပ်နှုန်းဖြင့် ချေးပေးသဖြင့် ဝမ်းသာကျေးဇူးတင်မိကြောင်း" ပြောကြားသည်။

သာစည်မြို့မှ မြင်းလှည်းဆရာ ကိုမောင်ကိုကလည်း "မိသားစုရှစ်ဦးရှိကြောင်း၊ မြင်းလှည်းမောင်းရငွေ တစ်နေ့ ငွေကျပ် ၂၀၀၀ ကျော်သာရ၍ မိသားစုစားဝတ်နေရေး ကျပ်တည်းကြောင်း၊ ယခုအခါ ချေးငွေကျပ် ၆၀၀၀၀ ထုတ်ချေးပေးသဖြင့် ဝမ်းသာကျေးဇူးတင်ကြောင်း၊ ထုတ်ပေးထားသည့် ချေးငွေကျပ် ၆၀၀၀၀ ကို ကြက်ဘဲများ မွေးမြူထားကြောင်း၊ မိသားစုအတွက် တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရရှိမည်ဖြစ်၍ စားဝတ်နေရေး အသင့်အတင့် ချောင်လည်သွားမည်ဖြစ်၍ ဝမ်းသာနေကြောင်း" ပြောကြားခဲ့သည်။

ထို့နောက် ဝမ်းတွင်းမြို့နယ် လျှော်ပင်ငါးရက်တစ်ဈေးမှ ပန်းသည် ဒေါ်ဘုမ၊ မလှိုင်ဈေးအတွင်းမှ ထမင်းဟင်းအသုပ်စုံသည်မလေး မတင်တင်ထွေး၊ တောင်သာမြို့ ဈေးအတွင်းမှ ကွမ်းကုန်သည်ဝင်းဇော်ဦး၊ မြင်းခြံမြို့ အေးမြသီတာဈေးမှ ကုန်စိမ်းသည်၊ ညောင်ဦးမြို့ မဏိစည်သူဈေးအတွင်းမှ ကြက်သားသည်မချိုချို၊ မိတ္ထီလာမြို့ ဈေးကြီးအတွင်းမှ ပုံကျအထည်သည် မနီလာသန်းတို့ကလည်း စည်ပင်သာယာရေးအဖွဲ့က ချေးငွေများထုတ်ချေးပေးသဖြင့် ဝမ်းသာမိကြောင်း၊ မိသားစုဝင်ငွေတိုး၍ ပြောမပြတတ်အောင် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

ပြင်ဦးလွင်ဈေးအတွင်းမှ ငါးသည်မလေးမချယ်ရီဦးကလည်း "ငါးရောင်းရန်အတွက် အရင်းအနှီးငွေကျပ်တစ်သိန်းကျော် ရင်းနှီးရကြောင်း၊ ယခုကဲ့သို့စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၅၀၀၀၀ ထုတ်ချေးပေးသဖြင့် ဝမ်းသာမိကြောင်း" ရမည်းသင်းမြို့က ဘေထုတ်(ခ)ဖျာပုံသည် ဦးဇော်လင်းကလည်း "ဈေးရောင်းလာသည်မှာ ငါးနှစ်ခန့်ရှိပြီဖြစ်ကြောင်း၊ မိသားစုငါးဦးရှိကြောင်း၊ ယခုစည်ပင်သာယာရေးအဖွဲ့က လမ်းဘေးဈေးသည်အား ငွေကျပ် ၁၀၀၀၀၀ ထုတ်ချေးကြောင်း၊ အစက ကြားရတာ မယုံကြောင်း၊ ယခုကိုယ်တွေ့ချေးရသဖြင့် အတိုင်းမသိဝမ်းသာမိကြောင်း" ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ယခုအခါ နိုင်ငံတော်အစိုးရက ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်(၈)ရပ်အနက် တစ်ခုအပါအဝင်ဖြစ်သော အသေးစားငွေကြေးဝန်ဆောင်မှုအစီအစဉ်ဖြင့် ဆင်းရဲသည့် ခေါင်းရွက်ဗျပ်ထိုးပုံကျဈေးသည်များနှင့် အနေ့ယာဉ်လုပ်သားများအား ငွေထုတ်ချေးပေးခဲ့သဖြင့် ဆင်းရဲသားပုံကျဈေးသည်များမှာ မိသားစုဝင်ငွေ လည်ပတ်မှုကောင်းမွန်ပြီး ပိုင်ဆိုင်မှု မြင့်မားလာကာ စားဝတ်နေရေး၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး အခက်အခဲများ အသင့်အတင့်ပြေလည်သွားသဖြင့် ဆင်းရဲခြင်း လွတ်ကင်းအောင် လမ်းပြဆောင်သူများအား ပုံကျဈေးသည်များက အထူးပင် ကျေးဇူးတင်လျက်ရှိနေပါကြောင်း ဝမ်းသာဂုဏ်ယူစရာ သတင်းကောင်းအဖြစ် ရေးသားတင်ပြလိုက်ရပါသည်။ ။

နွားထိုးကြီးဈေးအတွင်းမှ ပုံကျဈေးသည် မစန်းစန်းရီက အတိုးနှုန်းချိုသာစွာဖြင့် ငွေထုတ်ချေးပေးသဖြင့် အတိုင်းမသိကျေးဇူးတင်ဝမ်းသာမိကြောင်း ပြောကြားစဉ်။ (မြန်မာ့အလင်း)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က မော်လမြိုင်ကျွန်းမြို့ လွတ်လပ်ရေးပန်းခြံဝင်း၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထံမှပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင် ဖတ်ကြားစဉ်။ (ဝ၆၅)

ရန်ကုန်အနောက်ပိုင်းခရိုင်၌ လွန်ဆွဲပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၆

(၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြို့နယ်ပေါင်းစုံ ကျားမ မြန်မာ့ရိုးရာ လွန်ဆွဲပြိုင်ပွဲ ဗိုလ်လုပွဲကို ဇန်နဝါရီ ၄ ရက်က ကြည့်မြင်တိုင်စလင်းကွင်းတွင် ကျင်းပသည်။

အမျိုးသမီးပြိုင်ပွဲများတွင် ပထမဆုရ မရမ်းကုန်းမြို့နယ်အသင်းအား အနောက်ပိုင်း ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ကြည်၊ဒုတိယ ဆုရ အလုံမြို့နယ်အသင်းအား ကြည့်မြင်တိုင်မြို့နယ်တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဒေါ်ကြည်ကြည်မာ၊ တတိယဆုရ လမ်းမတော်မြို့နယ်အသင်းအား ခရိုင် အား/ကာ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိမော်နှင့် နှစ်သိမ့်ဆုရ ဆိပ်ကမ်း မြို့နယ်အသင်းအား မရမ်းကုန်းမြို့နယ်အုပ်ချုပ်ရေးမှူး၏ဇနီး ဒေါ်လှလှစိန်တို့က ဆုများ ချီးမြှင့်ကြသည်။

ဆက်လက်၍ အမျိုးသားပြိုင်ပွဲများ၌ ပထမဆုရ ဒဂုံမြို့နယ်အသင်းအား ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော် **(အပေါ်ယာပုံ)**၊ ဒုတိယဆုရ ကြည့်မြင်တိုင်မြို့နယ်အသင်းအား အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီးမျိုးအောင်၊ တတိယဆုရ မရမ်းကုန်းမြို့နယ်အသင်းအား တရားသူကြီးဦးဘိုလေး နှင့် နှစ်သိမ့်ဆုရ အလုံမြို့နယ်အသင်းအား ခရိုင်ဥပဒေအရာရှိ ဦးသန်းဝင်းတို့က ဆုများ အသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (ဝ၄၂)

ကလေးပြိုင်ပွဲနှင့် သားကောင်းမိခင်ပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော (၆၄)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် သားကောင်းမိခင်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက်က သဃ်္ဃန်းကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးသူတင့်က အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွှန့်က ပထမဆုရနှစ်မြွှာပူး၊ သုံးမြွှာပူးကလေးများအား ဆုချီးမြှင့် သည်။ ထို့နောက် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆုရကလေးငယ်များနှင့် သားကောင်းမိခင်များအား ဆုများချီးမြှင့်ခဲ့ ကြကြောင်း သိရှိရသည်။ **(စမ်းစမ်းကြည်-သဃ်္ဃန်းကျွန်း)**

မြန်မာ့အလင်း မှု ခင်း သ တင်း ၆-၁-၂၀၁၂

မင်္ဂလာတောင်ညွန့်မြို့နယ် (၁၂၄)လမ်း၌ တိုက်ပြိုကျမှုဖြစ်ပွား

ဇန်နဝါရီ ၄ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့် မြို့နယ် သပြေကုန်းရပ်ကွက် (၁၂၄)လမ်းရှိ သုံးထပ်တိုက်အပေါ်ဆုံးထပ် ဘယ်ဘက် ခြမ်းအခန်း၏ အနောက်ဘက်ရေချိုးခန်း၌ ပစ္စည်းများ၊ ဗီရို၊ ကြမ်းခင်းပြားများ၏ အလေးချိန်ကြောင့် အခန်းပြိုကျမှုဖြစ်ပွားသည်။

အခင်းဖြစ်ပွားရာသို့ မီးသတ်ယာဉ်သုံးစီး၊ အသက်ကယ်ယာဉ်တစ်စီး၊ လူနာ တင်ယာဉ်တစ်စီး၊ အုပ်ချုပ်မှုယာဉ်ငါးစီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၇၄ ဦး၊ အရန် မီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦးတို့ဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အခန်းပြိုကျမှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ရေချိုးခန်းကြမ်းပြင် ကွန်ကရစ်လောင်းစဉ်က သံချောင်းများ လုံလောက်စွာ ထည့်သွင်းတည်ဆောက် ထားခြင်းမရှိ၍ အခန်းပြိုကျခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးကပြောကြားသည်။ **စိုးမင်း(သတင်းစဉ်)**

ဆိုင်ကယ်မှောက်ရာမှ ဆိုင်ကယ်မောင်းသူ ပွဲချင်းပြီးသေဆုံး

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ရွှေတောင်ရဲစခန်းအပိုင် ရန်ကုန်-မန္တလေး ကားလမ်း ကျားသေကန်ကျေးရွာ မိုင်တိုင်အမှတ် ၃၇၅/၁ အနီးတွင် ဇန်နဝါရီ ၂ ရက် နံနက် ၁ နာရီက ဆိုင်ကယ်တစ်စီးတိမ်းမှောက်မှုဖြစ်ပွားနေကြောင်း သတင်း အရ ရွှေတောင်ရဲစခန်းမှူး ရဲအုပ်တင်ယုနှင့် တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးကြ သည်။

မောင်းနှင်လာသူမှာ ကျောက်ဆည်မြို့ အထပ်သားစက်ရုံမှ လုပ်သားဖြစ်ပြီး TABO အနက်ရောင် ၁၁၀ ဆိုင်ကယ်နောက်တွင် အဖော်ဖြစ်သူကိုတင်ဆောင်ကာ မန္တလေးမှ ရန်ကုန်ဘက်သို့ စီးလာစဉ် ကျားသေကန်ရွာအနီးအရောက်တွင် အရှိန် ဖြင့်တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ ဆိုင်ကယ်တိမ်းမှောက်သဖြင့် ဆိုင်ကယ်မောင်းသူမှာ ဦးခေါင်းထိခိုက်ပြီး နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးသွားခဲ့သည်။ ဆိုင်ကယ်နောက်မှ စီးလာသူမှာ ထိခိုက်ဒဏ်ရာရရှိသွားသဖြင့် ဝမ်းတွင်းဆေးရုံသို့ အတွင်းလူနာအဖြစ် တင်ထားလိုက်ရသည်။ အဆိုပါယာဉ်တိမ်းမှောက်မှုကို ရွှေတောင်ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရှိရသည်။ (ဝ၁၂)

ဆုချီးမြှင့်

ဇန်နဝါရီ ၃ ရက်က ကျင်းပသော အထကသုဝဏ္ဏ၏ ပညာရေး စုံညီပွဲတော်တွင် နဝမတန်းအဆင့် ရန်ကုန်တိုင်းဒေသကြီး ဘက်စုံထူးချွန် တတိယ၊ခရိုင်အဆင့်ပထမ၊မြို့နယ်နှင့် ကျောင်းအဆင့် ပထမဆုများရရှိသော မထက်မြတ်နိုး: (Grade. 10 A) အား ကျောင်းအကျိုးတော်ဆောင် အဖွဲ့ နာယက ဒေါ်ရီရီမြင့် ဆုချီး မြှင့်စဉ်။ (မြန်မာ့အလင်း)

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သဲကုန်း၌အားကစားပြိုင်

သဲကုန်း ဇန်နဝါရီ ၆

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်၌ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစား ပြိုင်ပွဲများကို ဇန်နဝါရီ ၃ ရက်နှင့် ၄ ရက်များက ကျင်းပသည်။

ဇန်နဝါရီ ၃ ရက် ညနေ ၃ နာရီက မြို့ပတ်မာရသွန်ပြိုင်ပွဲကို ကျင်းပပြီး ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီတွင် အထကကျောင်းအားကစားကွင်း၌ မီတာ ၁၀၀၊ အာလူးကောက်၊ အပ်ချည်ထိုး၊ ဂုန်နီအိတ်စွတ်၊ ဆန်ကောရွက်ပြိုင်ပွဲ များနှင့် လှေလှော်ပြိုင်ပွဲများကို ကျင်းပခဲ့ ကြသည်။

ထို့နောက် ဆုရရှိသူများကို တာဝန်ရှိ သူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ခွာနာလျှာနာရောဂါ ထိန်းချုပ်ရေး မိုင်းဖြတ်၌ ပညာပေးဆွေးနွေး

မိုင်းဖြတ် ဇန်နဝါရီ ၆

မိုင်းဖြတ်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကကြီးမှူး၍ ခွာနာ လျှာနာရောဂါ ထိန်းချုပ်ရေးဆိုင်ရာ ပညာပေးဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၈ နာရီခွဲက မိုင်းဖြတ်ကျေးရွာ အုပ်စု ဝမ်နောင်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မွေးမြူ ရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာဘစီက အမှာစကားပြောကြား ပြီး ခွာနာလျှာနာဌာနစိတ်မှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာ ချိုချိုထွဏ်း က မဲခေါင်မြစ်အထက်ပိုင်းဒေသ ခွာနာ လျှာနာရောဂါကင်းရှင်းရေးစီမံကိန်းနှင့် ကျွဲ နွားများတွင်ဖြစ်ပွားတတ်သော ခွာနာ လျှာနာ ရောဂါအကြောင်း သိကောင်း စရာများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ကျွဲ၊ နွားများ ခွာနာလျှာနာ ရောဂါကင်းစင်ရေးအတွက် သွေးရည်ကြည် နမူနာရယူခြင်းနှင့် ရောဂါကာကွယ်ဆေး များ အခမဲ့ထိုးပေးခြင်းများဆောင်ရွက် ခဲ့ကြောင်းသိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၆

မိုင်းယောင်း၌ စာကြည့်တိုက်ဖွင့်ပွဲကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်ခရိုင် မိုင်းယောင်းမြို့နယ် ပါမုန်ကျေးရွာတွင် ရာစုသစ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ကျင်းပရာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအားလွန်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး စိုးဝင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုင်းသောင်းငွေတို့က စာကြည့်တိုက်ကို ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးကြသည်။

လက်ခံယူ

ဆက်လက်၍ စာအုပ်လှူဒါန်းပွဲကျင်းပရာ ဒုတိယရဲမှူး စိုးဝင်းနှင့် ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစိုင်းသောင်းငွေတို့က ငွေကျပ် ၂၅၀၀၀၊ ဒုတိယဦးစီးမှူး ဦးအား လွန်၊ လက်ထောက်ပညာရေးမှူး ဦးမြင့်ဦးလွင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ရုပ်သံကျွမ်းကျင်-၃ ဒေါ်နန်းပန်တို့က စာအုပ် စာစောင်များ ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးအိုက်ဝမ်းနှင့် စာကြည့်တိုက် မှူး ဦးအိုက်တွန်တို့က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိ ပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာ ရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလို ပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

အလင်းတိုင်စာကြည့်တိုက် ပေါင်းတည်မြို့နယ်၌ဖွင့်

ပဲခူးတိုင်းဒေသကြီး ပေါင်းတည် မြို့နယ် မှတ်တိုင်ကျေးရွာ၌ အလင်းတိုင် စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီက အဆိုပါစာကြည့်တိုက်ရှေ့တွင် ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်စီမံကိန်း ဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်လွင်ဦး၊ တိုင်း ဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး၊ ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင် မောင်အေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလင်းသန့်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြ သည်။

<u>ပေးအပ်လှူဒါန်း</u>

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ငွေကျပ်ငါးသောင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က အလှူငွေကျပ်ငါးသောင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က ငွေကျပ် တစ်သောင်းနှင့် ဂျာနယ်များ၊ ပဲခူးတိုင်း ဒေသကြီး ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်အေးက မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်း ကိုယ်စား အရေးကြုံရင်ကြေးမုံရှိတယ် ဗီဒီယို တိပ်ခွေနှစ်ခွေ၊ ခရိုင်ဦးစီးအရာရှိ ဦးဝင်းမြင့်၊ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေး ခိုင်နှင့်မှတ်တိုင်ကျေးရွာ စေတနာရှင် ပြည်သူများက စာစောင် စာအုပ်များကို ပေးအပ်လှူဒါန်းကြသည်။

အလင်းတိုင် စာကြည့်တိုက်ကို နိုင်ငံတော်ပံ့ပိုးငွေနှင့် ပြည်သူများ ထည့်ဝင်ငွေ စုစုပေါင်း ငွေကျပ် ၂၄ သိန်းခန့် အကုန်အကျခံ ဆောက်လုပ်ခဲ့ ခြင်းဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မြောင်းမြမြို့နယ်၌ ရွှေသိလ္လာစာကြည့်တိုက်ဖွင့်

မြောင်းမြမြို့နယ် သိလ္လာချောင်းဖျား ကျေးရွာ ရွှေသိလ္လာ ကျေးရွာ ကိုယ့်အား ကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲအခမ်း အနားကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်က အမှာစကားပြောကြား ပြီး မြောင်းမြခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှကြည်က စာကြည့်တိုက်ဖွင့်လှစ် ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြား သည်။

*ထို့နောက် ဧရာဝတီတိုင်းဒေသ ကြီး လွှတ်တော်ဥပဒေပြုရေးကော်မတီ ဥက္ကဋ္ဌ ဦးပြုံးချို၊ မြောင်းမြမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်၊ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှကြည်၊ ကျေးရွာအုပ်ချုပ်ရေးမှူး မန်းကျင်ဆိုင် တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးသည်။ **(အပေါ်ပုံ)***

<u>လက်ခံယူ</u>

*ဆက်လက်၍ သိလ္လာကျေးရွာနေ မန်းစံတင် မိသားစုက ၂၁ လက်မရောင်စုံ ရုပ်မြင်သံကြားစက်နှင့် အီးဗွီဒီ ဗီဒီယို ပြစက်တစ်လုံး၊ ရန်ကုန်မြို့နေ ဦးနေလင်း မိသားစုက သုတရသ မဂ္ဂဇင်း၊ ဂျာနယ် ၃၀၀၊ မြောင်းမြမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရီရီလွင်၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝင်း ဝင်းစန်း၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့က စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် တာဝန်ရှိသူများက လက်ခံယူသည်။ အဆိုပါစာကြည့်တိုက်မှာ အလျား ၂၁ ပေ၊ အနံ ၁၈ ပေ၊ အုတ်၊ တစ်ထပ်၊ သွပ်မိုး၊ ကွန်ကရစ်ခင်းဖြစ်ပြီး ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် သိန်း ၂၀၊ ACE ဆောက်လုပ်ရေးကုမ္ပဏီ ဥက္ကဋ္ဌက လှူဒါန်းငွေကျပ် ရှစ်သိန်း စုစုပေါင်း ငွေကျပ် ၂၈ သိန်းဖြင့် ဆောက်လုပ်ခဲ့ ကြောင်းသိရှိရသည်။ **(ခရိုင် ပြန်/ဆက်)***

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ်မှ လေ့လာရေးတောင်သူများအား သန့်စင်စက်ဖြင့် ပုလဲသွယ် စပ်မျိုးစပါးမျိုးစေ့ အဆင့်ဆင့် သန့်စင်မှုကို ရှင်းလင်းပြသစဉ်။ (သတင်းစဉ်)

လေ့လာရေးခရီးမှ အတွေ့အကြုံများ တစ်ဦးချင်းလက်တွေ့အသုံးပြု
ဒေသအလိုက် မိသားစုတစ်စုချင်းစီမှ တစ်နယ်လုံး ဖွံ့ဖြိုးတိုးတက်မည်

နေပြည်တော် ဇန်နဝါရီ ၆

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ် မိုးဗြဲကျေးရွာအုပ်စုရှိ ညောင်ဝိုင်း၊ သစ်ယာကုန်း၊ လွယ်ယင်း၊ မင်္ဂလာ၊ မြို့မ၊ ဟဲကွီ၊ လယ်ထွန်၊ ဝါရီဆူ၊ ပလိုင်၊ ဆီမီးလောကျေးရွာတို့မှ လေ့လာရေး ကယန်းတိုင်းရင်းသား တောင်သူ ၅၄ ဦးအား ယနေ့နံနက်ပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုရှိ တောင်သူပညာပေး စက်မှုလယ်ယာစနစ် ဧက ၅၀၀ စိုက်ကွင်း၌ တွေ့ဆုံပြီး ပုလဲသွယ်အထူးအထွက်တိုး စပ်မျိုးစပါးမျိုးစေ့ အဆင့်ဆင့်ထုတ်လုပ်ခြင်း၊ စိုက်ပျိုးခြင်းများကို ရှင်းလင်းပြသသည်။

ထိုသို့ တွေ့ဆုံစဉ် ဒုတိယဝန်ကြီး ဦးအုန်းသန်းနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များက ဖယ်ခုံမြို့နယ် မိုးဗြဲအုပ်စုတွင် စံပြစိုက်ပျိုးနိုင်ရန် ပုလဲသွယ် စပ်မျိုးစပါးမျိုးစေ့ ၁၀ ဧကစာကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပုလဲသွယ် အရည်အသွေးကောင်း ဆန်နမူနာများကိုလည်းကောင်း ပေးအပ်ကြသည်။

အောင်မြင်ဖြစ်ထွန်း

ထို့နောက် လေ့လာရေးအဖွဲ့သည် သန့်စင်စက်ဖြင့် ပုလဲသွယ် စပ်မျိုးစပါးမျိုးစေ့ အဆင့်ဆင့်သန့်စင်မှု၊ ဖြန့်ဖြူးရန်ထုပ်ပိုးမှု၊ လယ်ယာသုံးစက်ကိရိယာ လက်တွန်းထွန်စက်များ၊ ကောက်စိုက်စက်များနှင့် စက်မှုဝန်ကြီးဌာနက တပ်ဆင်သည့် ခေတ်မီအဆင့်မြင့် ရိတ်သိမ်းခြွေလှေ့စက်များကိုလည်းကောင်း၊ ၁၂ ရက်သား သက်တမ်းရှိ ပုလဲသွယ် ဖိလစ်ပိုင်စပ်မျိုးစပါး စမ်းသပ်စိုက်ကွင်းနှင့် ၃၆ ရက်သားရှိ ပုလဲသွယ် ဗီယက်နမ်စပ်မျိုးစပါးတို့၏ အောင်မြင်ဖြစ်ထွန်းနေမှုများကိုလည်းကောင်း၊ Green House အတွင်း သိပ္ပံနည်းကျ စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်၊ ပန်းအလှပင်မျိုးစုံ၊ သစ်ခွမျိုးကွဲများနှင့် စာမျက်နှာ ၈ ကော်လံ ၁ ◆

နိုင်ငံတကာအားကစားမြင်ကွင်း

မောင်မောင်မြင့်ဆွေ – စုစည်းသည်

မန်ယူတို့ ရှုံးကြွေးဆပ်နိုင်ပါ့မလား

လန်ဒန် ဇန်နဝါရီ ၆

အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ တတိယအဆင့်ပြိုင်ပွဲတွေကို ဇန်နဝါရီ ၇ ရက်နဲ့ ၈ ရက်တွေမှာ ယှဉ်ပြိုင်ကစားကြတဲ့အခါ စိတ်ဝင်စားစရာအကောင်းဆုံးပွဲကတော့ မန်စီးတီးနဲ့ မန်ယူတို့ပွဲစဉ်ပဲဖြစ်ပါတယ်။

ပရီမီယာလိဂ်မှာ အကောင်းဆုံးပြိုင်ဘက်တွေဖြစ်ပြီး ဒီနှစ် ပရီမီယာလိဂ်ဖလားကို အရယူဖို့ အကောင်းဆုံးအခွင့်အရေးရှိနေတဲ့

အသင်းနှစ်သင်းလည်းဖြစ်ပါတယ်။ မန်ယူနဲ့ မန်စီးတီးတို့ရဲ့ အက်ဖ်အေဖလားပွဲသမိုင်းမှာ ဆုံတွေ့ခဲ့ရမှုကိုပြန်ကြည့်လျှင် ၁၉၂၆ ခုနှစ် အကြိုဗိုလ်လုပွဲမှာ သုံးဂိုးပြတ်နဲ့ မန်ယူတို့ရှုံးနိမ့်ခဲ့သလို ၁၉၅၅ ခုနှစ် အက်ဖ်အေစတုတ္ထအဆင့်ပွဲစဉ်မှာလည်း မန်ယူတို့ အဝေးကွင်းမှာ နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့ပါတယ်။ ၁၉၇၀ ခုနှစ် အက်ဖ်အေစတုတ္ထအဆင့်ပွဲစဉ်မှာ မန်ယူတို့ အိမ်ကွင်းမှာ သုံးဂိုးပြတ်အနိုင်ရရှိပြီး ၁၉၈၇ ခုနှစ် အက်ဖ်အေတတိယအဆင့်ပွဲစဉ်မှာ မန်ယူတို့ အိမ်ကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ခဲ့ပါတယ်။ ၁၉၉၆ ခုနှစ် အက်ဖ်အေ ပဉ္စမအဆင့်ပွဲစဉ်မှာ မန်ယူတို့ နှစ်ဂိုး-တစ်ဂိုးနဲ့နိုင်ခဲ့ပြီး ၂၀၀၄ ခုနှစ် အက်ဖ်အေ ပဉ္စမအဆင့်မှာ မန်ယူက လေးဂိုး-နှစ်ဂိုးနဲ့ နိုင်ပွဲရရှိခဲ့ပါတယ်။ ၂၀၁၁ ခုနှစ် အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲမှာ မန်ယူတို့ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့တာမို့ အက်ဖ်အေဖလားသမိုင်းမှာ ခုနစ်ကြိမ်ဆုံတွေ့ခဲ့ရာ မန်ယူက လေးကြိမ်နိုင်ပြီး မန်စီးတီးက သုံးကြိမ်နိုင်ခဲ့ဖူးပါတယ်။

စာမျက်နှာ ၅ ကော်လံ ၅ ✻

အသက်တစ်လကျော်ရှိ ဆင်ဖြူတော်ရတနာငယ် ကျန်းမာပျော်ရွှင်စွာရှိနေ
ဆင်ဖြူတော်ရတနာမိခင်နှင့် ဆင်ဖြူတော်ရတနာငယ်တို့ကို အနီးကပ်ထိန်းသိမ်းစောင့်ရှောက်ပေးလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၆

နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ဝတ္တုကံမြေ ရတနာဆင်ဖြူတော်ဆောင်၌ နိုဝင်ဘာ ၂၇ ရက်တွင် ဖွားမြင်ခဲ့သော ဆင်ဖြူတော်ရတနာအမငယ်လေးသည် အသက်တစ်လကျော်ရှိလာကာ သူ၏မိခင် ဆင်ဖြူတော်ရတနာ ဘဒ္ဒဝတီနှင့် ကျန်းမာပျော်ရွှင်စွာ ရှိနေသည်။

အဆိုပါ ဆင်ဖြူတော်ရတနာသည် ဆင်ဖြူတော်ရတနာ ဘဒ္ဒဝတီမှ ထူးထူးခြားခြား ဆင်ဖြူတော်ကြန်အင်လက္ခဏာများဖြင့် ဖွားမြင်လာသော ဆင်ဖြူတော်ငယ်ဖြစ်ပြီး ဆင်ဖြူတော်တွင်ရှိအပ်သော ကြန်အင်လက္ခဏာများဖြစ်သည့် မျက်လုံး (ပုလဲရောင်)၊ အသားအရေ ဩဇာခွံ(ပန်းရောင်)၊ အမွေးအမှင် (အဖြူရောင်)၊ အမြီး (တံခါးပိတ်)၊ နားရွက် (ကြေးစည်ပုံ)၊ ကျောမှာ (ငှက်ပျောကိုင်း)တို့ဖြင့် ထင်ရှားပီပြင်စွာ မွေးဖွားခဲ့ကာ မွေးဖွားစဉ် အမြင့် ၃-ပေ၊ ၁-လက်မနှင့် ကိုယ်ထည်လုံးပတ် ၄-ပေ၊ ၁-လက်မရှိခဲ့ရာမှ ယခုအခါ အမြင့် ၃-ပေ၊ ၂-လက်မနှင့် ကိုယ်ထည်လုံးပတ် ၄-ပေ၊ ၆-လက်မ ရှိလာပြီဖြစ်ကြောင်း သိရသည်။

ဆင်ဖြူတော်ရတနာ ဘဒ္ဒဝတီမှ ဖွားမြင်ခဲ့သော အသက်တစ်လကျော်ရှိ ဆင်ဖြူတော်ရတနာအမငယ်လေးကို တွေ့ရစဉ်။ (သတင်းစဉ်)

ပိုမိုတင့်တယ်

ဆင်ဖြူတော်ကြန်အင်လက္ခဏာများ ပြည့်စုံသည့် ဆင်ဖြူတော်ရတနာငယ်သည် ယခုအခါ မိခင်နို့ကို ကောင်းစွာရရှိသောက်သုံးပြီး ခန္ဓာကိုယ်မှာ ပြည့်ဖြိုးလျက်ရှိသည်။ ဆင်ဖြူတော်လေးသည် လာရောက်ကြည့်ရှုသည့် ဧည့်သည်များအား ယဉ်ပါးစွာ ချဉ်းကပ်ခြင်း၊ ဆင်ဖြူတော်ထိန်းများနှင့် ဘောလုံးကစားခြင်း၊ ခေါ်လျှင်လာတတ်ခြင်းစသည့် ချစ်စဖွယ် အမူအကျင့်ကောင်းများရှိခြင်းတို့ကြောင့် ဆင်ဖြူတော်ရတနာဥယျာဉ်၏ပသာဒကို ပိုမိုတင့်တယ်စေလျက်ရှိသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ဆင်ဖြူတော်ရတနာမိခင်နှင့် ဆင်ဖြူတော်ရတနာငယ်တို့၏ ကျန်းမာရေးကို နေ့စဉ် အနီးကပ် ထိန်းသိမ်းစောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ဆုတောင်း ကောင်းခဲ့လေသလား အသက် ၁၂၀ နေရသူ ဘွားသက်ရှည် စာ-၅

တိုင်တန်းနစ်သင်္ဘောမှ ပစ္စည်းများ လေလံတင် ရောင်းချမည် စာ-၄

မက္ကဆီကိုနိုင်ငံ၌ ကမ္ဘာ့အမြင့်ဆုံး တံတားဖွင့်ပွဲကျင်းပ စာ-၄